# ပေါလု၏အကျဉ်းထောင်သြဝါဒစာများ

သင်ခန်းစာငါး

ပေါလုနှင့်ဖိလိပ္ပိသြဝါဒစာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း** ..... 1

**နောက်ခံသမိုင်း** ..... 2

- **ဆက်ဆံရေး** ..... 2
- **အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံခြင်း** ..... 5
- **ဖိလိပ္ပိမြို့ရှိအခြေအနေများ** ..... 9
  - ပေါလုအတွက် စိုးရိမ်ပူပန်မှု ..... 9
  - အသင်းတော်အတွက် ပြဿနာများ ..... 11

**ဖွဲ့စည်းပုံနှင့် အကြောင်းအရာ** ..... 16

- **နှုတ်ဆက်ခြင်း (၁:၁၊ ၂)** ..... 16
- **ကျေးဇူးတော်ချီးမွမ်းခြင်း (၁း၃-၈)** ..... 17
- **ဆုတောင်းခြင်း (၁း၉-၁၁)** ..... 18
- **ကိုယ်ထည် (၁:၁၂–၄:၂၀)** ..... 18
  - ပေါလု၏ဖွဲ့လုံ့လ (၁း၁၂-၂၆) ..... 19
  - ဖွဲလုံ့လအတွက်တိုက်တွန်းမှုများ ..... 21
  - ဖွဲလုံ့လကတိသစ္စာ (၄း၁၀-၂၀)၊ ..... 29
- **နောက်ဆုံးနှုတ်ဆက်ခြင်း (၄:၂၁-၂၃)** ..... 29

**မျက်မှောက်ခေတ်ကျင့်သုံးမှု** ..... 30

- **ဇွဲလုံ့လ၏သဘောသဘာဝ** ..... 31
  - အဓိပ္ပါယ်ဖွင့်ဆိုချက် ..... 31
  - လိုအပ်ချက် ..... 33
  - အာမခံချက် ..... 35
- **ဇွဲလုံ့လစိတ်သဘောထား** ..... 36
  - နှိမ့်ချမှု ..... 36
  - အကောင်းမြင်ဝါဒ ..... 41
  - ဝမ်းမြောက်မှု ..... 43
- **ဇွဲလုံ့လဆိုင်ရာစမ္မအမှုတော်** ..... 45

**နိဂုံး** ..... 47





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

---

စစ်သားများသည် စစ်ပွဲ၏မသေချာမရေရာမှုများနှင့်ရင်ဆိုင်ရသောအခါ၊ ၎င်းတို့၏စိတ်သည် သေခြင်းတရားအတွေးအခေါ်သို့ ဦးတည်သွားလေ့ရှိကြသည်။ သူတို့သည် မိမိကိုယ်ကိုနှစ်သိမ့်ဖို့ရန်နှင့် အိမ်၌ရှိသော ချစ်မြတ်နိုးရသူများကိုနှစ်သိမ့်ဖို့ရန် နည်းလမ်းများကိုရှာကြသည်။ သူတို့သည် ကျေးဇူးတင်ကြောင်းနှင့် နောက်ဆုံးအကြံပေးစာများရေးသားလေ့ရှိပြီး၊ ချစ်မြတ်နိုးရသူများကို ဆက်လက်တိုက်တွန်းအားပေးကြသည်။ ဖိလိပ္ပိသြဝါဒစာသည် မကြာမီသေဆုံးမည့်အခြေအနေကို နည်းလမ်းများစွာဖြင့်၊ ရင်ဆိုင်နေရသောစစ်သားတစ်ဦးထံမှ ပေးစာနှင့်ဆင်တူသည်။ ပေါလုသည် ဖိလိပ္ပိသြဝါဒစာကို အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံနေရချိန်၊ ခရစ်တော်အတွက် သူ၏အသက်ဆုံးရှုံးမည်လောဟု တွေးတောနေချိန်၌ ရေးသားခဲ့သည်။ ထို့ပြင် သူချစ်မြတ်နိုးရသည့်လူများထံ ရေးခဲ့သည်။ ထို့ကြောင့် ဖိလိပ္ပိမြို့ရှိ ခရစ်ယာန်များအားပြောသော သူ၏နုတ်ကပတ်တော်များသည် ပြင်းထန်သော်လည်း ဂရုစိုက်မှု၊ ဝမ်းနည်းဖွယ်ဖြစ်သော်လည်း နှစ်သိမ့်မှု၊ ချီးမွမ်းသော်လည်း ရက်စက်မှုဖြစ်သည်။ ဤကျမ်းကို ကျွန်ုပ်တို့လေ့လာသောအခါ၊ ဤအရာများသည် သူ၏သစ္စာရှိခရစ်ယာန်မိတ်ဆွေများအတွက် နောက်ဆုံးစကားဖြစ်နိုင်ကြောင်း ပေါလု၏ရှုထောင့်မှ ကျွန်ုပ်တို့ကြည့်ရမည်ဖြစ်သည်။

ဤသည်မှာ *ပေါလု၏အကျဉ်းထောင်သြဝါဒစာများ* အခန်းဆက်သင်ခန်းစာတွင် ပဉ္စမမြောက် သင်ခန်းစာဖြစ်ပြီး၊ "ပေါလုနှင့်ဖိလိပ္ပိသြဝါဒစာ"ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤကျမ်းတွင် ပေါလုသည် အကျဉ်းထောင်ထဲတွင် သူခံစားရမည့် ဆင်းရဲဒုက္ခများအတွက်စိုးရိမ်နေသော ဖိလိပ္ပိမြို့မှခရစ်ယာန်များကိုအားပေးရန် ရေးသားခဲ့သည်။ မကြာမီသေဆုံးနိုင်ခြေရှိသည်ကို သူနားလည်လာသည်နှင့်အမျှ၊ ဖိလိပ္ပိမြို့ရှိအသင်းတော်အား မျှော်လင့်ချက်နှင့် အာမခံချက်ပေးရန် ရေးခဲ့သည်။

ပေါလုနှင့်ဖိလိပ္ပိသြဝါဒစာအကြောင်း လေ့လာခြင်းကို အဓိကအပိုင်းသုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ဖိလိပ္ပိသြဝါဒစာ၏နောက်ခံသမိုင်းကို တင်ပြပါမည်။ ဒုတိယ၊ ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို အနီးကပ်ကြည့်ရှုပါမည်။ တတိယ၊ ဤကျမ်း၏မျက်မှောက်ခေတ်ကျင့်သုံးမှုအပေါ် ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ဖိလိပ္ပိသြဝါဒစာ၏နောက်ခံသမိုင်းကိုကြည့်ခြင်းဖြင့် စတင်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ခံသမိုင်း

ဤအခန်းဆက်သင်ခန်းစာတစ်လျှောက် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ပေါလုသည် မတူညီသော အသင်းတော်များ၏သီးခြားလိုအပ်ချက်များကို ဖြေရှင်းရန်အတွက် သူ၏ကျမ်းအားလုံးကို ရေးသားခဲ့သည်။ ထို့ကြောင့်၊ ပေါလု၏အခြေအနေများနှင့် သူရေးခဲ့သောလူများ၏ အခြေအနေများအကြောင်း တစ်စုံတစ်ရာကိုသိရှိရန် အမြဲအရေးကြီးသည်။ ဤအသေးစိတ်အချက်အလက်များကိုသိရှိခြင်းသည် ပေါလု၏သတင်းစကားကို မှန်ကန်စွာလမ်းညွှန်နိုင်စေပြီး၊ သူရည်ရွယ်ထားသည့်အတိုင်း သူ၏ကျမ်းများကိုလက်ခံရရှိရန် ကျွန်ုပ်တို့ကို ကူညီပေးသည်။ ဖိလိပ္ပိဩဝါဒစာကို ကျွန်ုပ်တို့ချဉ်းကပ်သောအခါ၊ "ဖိလိပ္ပိယုံကြည်သူတို့သည် မည်သူတို့နည်း" "သူတို့၏ဘဝနှင့်ပေါလု၏အသက်တာတွင် မည်သည့်အရာများဖြစ်ပျက်နေသနည်း""ပေါလုသည် အဘယ်ကြောင့် သူတို့ထံစာရေးခဲ့သနည်း"စသည့်မေးခွန်းများကို မေးရန်လိုသည်။ ဤကဲ့သို့သောမေးခွန်းများအတွက်အဖြေများသည် ဤကျမ်းတွင်တွေ့ရသော ပေါလု၏အခွင့်အာဏာဆိုင်ရာသွန်သင်ချက်ကိုနားလည်ရန်နှင့် ၎င်းကိုကျွန်ုပ်တို့၏အသက်တာတွင် ပိုမိုပြည့်စုံစွာ ကျင့်သုံးနိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

ဖိလိပ္ပိဩဝါဒစာ၏နောက်ခံသမိုင်းကို လေ့လာသောအခါ အကြောင်းအရာသုံးခုကို အာရုံစိုက်ပါမည်။ ဦးစွာ၊ ဖိလိပ္ပိယုံကြည်သူတို့နှင့် ပေါလု၏ဆက်ဆံရေးကို သုံးသပ်ပါမည်။ ဒုတိယ၊ ပေါလု၏အကျဉ်းထောင်၌ဆင်းရဲဒုက္ခခံခြင်းအကြောင်းကို လေ့လာပါမည်။ တတိယ၊ ဤကျမ်းကို ပေါလုရေးသည့် အချိန်ကာလတွင် ဖိလိပ္ပိမြို့တွင်နေထိုင်သောခရစ်ယာန်များ ကြုံတွေ့နေရသည့်အခြေအနေများကို လေ့လာပါမည်။ ပေါလုနှင့်ဖိလိပ္ပိအသင်းတော်အကြား ဆက်ဆံရေးကိုကြည့်ခြင်းဖြင့် စတင်ကြပါစို့။

## ဆက်ဆံရေး

ဖိလိပ္ပိမြို့သည် မာကေဒေါနိပြည်ရှိ ရောမ၏အရေးပါသောမြို့တစ်မြို့ဖြစ်ပြီး၊ ယခုအခါ ခေတ်သစ်ဂရိနိုင်ငံတွင်တည်ရှိသည်။ ၎င်းသည် ရောမမြို့နှင့် အရှေ့ပိုင်းပြည်နယ်များကို ဆက်သွယ်သည့်အဓိကလမ်းမကြီးဖြစ်သည့် *Via Egnatia* တွင်တည်ရှိပြီး၊ ရောမအင်ပါယာအတွင်း အထူးအဆင့်အတန်းရှိသောမြို့ဖြစ်သည်။ ဖိလိပ္ပိမြို့သည် အီတလီနိုင်ငံရှိ ရောမကိုလိုနီမြို့များနှင့် တူညီသောအခွင့်အရေးများ ရရှိထားပြီး၊ ၎င်း၏နိုင်ငံသားများသည် ရောမနိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိကြသည်။

ပေါလုသည် သူ၏ကျမ်းမရေးမီတွင် ဖိလိပ္ပိအသင်းတော်နှင့် သိသာစွာ အပြန်အလှန်ဆက်သွယ်မှုရှိခဲ့ကြောင်း သတိရရန်အရေးကြီးသည်။ သူ၏ဒုတိယသာသနာပြုခရီးစဉ်တွင် ဖိလိပ္ပိအသင်းတော်ကို တည်ထောင်ခဲ့သည်၊ အေဒီ ၄၉ သို့မဟုတ် ၅၀ နှစ်တွင်ဖြစ်နိုင်သည်။။ ဖိလိပ္ပိမြို့သို့ မရောက်ရှိမီတွင်၊ သူသည် အာရှတိုက်၌အမှုတော်ထမ်းဆောင်ခဲ့ပြီး အရှေ့အရပ်သို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သည်။ သို့သော် မာကေဒေါနိပြည်သို့ ဧဝံဂေလိတရားကို ယူဆောင်လာရန် လူတစ်ဦးသည် သူ့အားတောင်းဆိုသည့် ရူပါရုံကို ပေါလုရရှိခဲ့သည်။ ဤရူပါရုံကိုတုံ့ပြန်ရန် ပေါလုသည် မာကေဒေါနိပြည်သို့ ရှက်လွှင့်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူသည် နာပေါလိမြို့သို့ရောက်ခဲ့ပြီး၊ ထိုမြို့၏အနောက်မြောက်ဘက် ဆယ်မိုင်အကွာရှိ ဖိလိပ္ပိမြို့သို့ အလျင်အမြန်ပြောင်းရွှေ့ခဲ့သည်။

ပေါလု၏ ဖိလိပ္ပိမြို့၌လုပ်ဆောင်ခဲ့မှုများကို တမန်တော် ၁၆:၁၂-၄၀ တွင် မှတ်တမ်းတင်ထားသည်။ ဥပမာ၊ ဥရောပ၌ပထမဆုံး ခရစ်ယာန်ယုံကြည်ခြင်းသို့ပြောင်းလဲလာသူ လုဒိအမည်ရှိကုန်သည် အမျိုးသမီးအား ပေါလုရရှိခြင်းသည် ဖိလိပ္ပိမြို့တွင်ဖြစ်သည်။ ဖိလိပ္ပိမြို့တွင် ပေါလုသည် ကျွန်မိန်းကလေးအပေါ် နတ်ဆိုးနှင်ထုတ်ခြင်းအတွက် အကျဉ်းချခံခဲ့ရသည်။ ထင်ရှားကျော်ကြားသော ဖိလိပ္ပိထောင်မှူးသည် ပေါလု၏သနားကြင်နာမှုကြောင့် အလွန်စိတ်လှုပ်ရှားခဲ့ပြီး ခရစ်တော်ကို ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုသည့်နေရာလည်းဖြစ်သည်။ ဖိလိပ္ပိမြို့၌ပေါလု၏ဓမ္မအမှုတော်သည် အလွန်အောင်မြင်သဖြင့်၊ မြို့မှထွက်သွားသည့်တိုင် ဖိလိပ္ပိခရစ်ယာန်များသည် သူ့ကိုထောက်ခံခဲ့ကြသည်။ သူ၌ငွေကြေးလိုအပ်နေချိန်များတွင် လက်ဆောင်အမျိုးမျိုးကို ပို့ကြသည်။ သူတို့၏ရက်ရောမှုအကြောင်း ပေါလုရေးခဲ့သည့် ဖိလိပ္ပိ ၄:၁၅-၁၆ ကို နားထောင်ပါ_

> အချင်းဖိလိပ္ပိမြို့သားတို့၊ ဧဝံဂေလိတရားကိုဟောစပြု၍၊ မာကေဒေါနိပြည်မှ ငါထွက်ဆဲရှိသောအခါ အလှူလှူခြင်း၊ အလှူခံခြင်းအမှု၌၊ သင်တို့မှတပါး အဘယ်အသင်းတော်မျှငါနှင့်မဆက်ဆံကြ။ သက်သာလောနိတ်မြို့၌ ငါရှိစဉ်ပင်၊ ငါလိုသောအရာကို သင်တို့သည် နှစ်ကြိမ်တိုင်အောင်ပေးလိုက်ကြ၏ (ဖိလိပ္ပိ ၄း၁၅-၁၆)။

ဖိလိပ္ပိအသင်းတော်သည် ပေါလုကို အလွန်ချစ်မြတ်နိုးသောကြောင့် ငွေရေးကြေးရေး ပံ့ပိုးကူညီပေးကြသည်။ ဖိလိပ္ပိ ၄:၁၀၊ ၁၈ တွင်၊ ဖိလိပ္ပိယုံကြည်သူများသည် ဤကျမ်းကိုသူရေးသောအချိန်တွင် လက်ဆောင်တစ်ခုပေးပို့ခဲ့ကြောင်း ပေါလုအသိအမှတ်ပြုခဲ့သည်_

> ယခု၌လည်း သင်တို့သည် ငါ့ကိုကြည့်ရှုပြုစုချင်သော စေတနာစိတ်နှင့် ပြည့်စုံပြန်သည်ဖြစ်၍၊ ငါသည် သခင်ဘုရား၌ အလွန်ဝမ်းမြောက်ခြင်းရှိ၏။ ထိုစေတနာစိတ်သည် အထက်ကရှိသော်လည်း ပြုစုရသောအခွင့်မရှိပြီ။...သင်တို့ပေးလိုက်သောအရာတို့ကို ဧပဖြောဒိတ်လက်မှ ငါခံရသည်ဖြစ်၍ကြွယ်ဝလျက်ရှိ၏ (ဖိလိပ္ပိ ၄:၁၀၊ ၁၈)။

ဖိလိပ္ပိယုံကြည်သူအချို့သည် ငွေရေးကြေးရေးကြွယ်ဝပုံရှိသော်လည်း၊ အသင်းတော်တစ်ခုလုံးသည် အလွန်ဆင်းရဲနွမ်းပါးနေဖွယ်ရှိသည်။ ထို့ကြောင့်၊ သူတို့သည် ပေါလုအားငွေရေးကြေးရေးအရ အမြဲမကူညီနိုင်ပါ။ သို့သော် သူတို့သည် ပေါလုကိုအလွန်ချစ်မြတ်နိုးသောကြောင့်၊ သူတို့တတ်နိုင်သည့်အချိန်တွင် ရက်ရောစွာပေးကမ်းကြသည်။ ဖိလိပ္ပိယုံကြည်သူတို့သည် ပေါလုကိုချစ်မြတ်နိုးသကဲ့သို့၊ သူသည်လည်း သူတို့အပေါ် ကြီးမားစွာချစ်ခင်သည်။ သခင်ဘုရားအပေါ် သူတို့ပြုသောကတိကဝတ်များကြောင့်လည်းကောင်း၊ ဧဝံဂေလိဓမ္မအမှုတော်လုပ်ငန်းတွင် သူ၏လုပ်ဖော်ကိုင်ဖက်များအဖြစ် ကူညီခဲ့သည့်ပုံစံကြောင့်လည်းကောင်း သူ့အနေဖြင့်သူတို့ကိုချစ်ခင်ခဲ့သည်။ ထိုသူတို့သည် သူ၏ရင်းနှီးသော

မိတ်ဆွေများ၊ သူနှင့်မိတ်သဟာယဖွဲ့သည့် သူချစ်ခင်ရသူများဖြစ်ပြီး၊ သူတို့၏ရှိနေခြင်းကို သူ့အနေဖြင့် သတိရနေသူများ ဖြစ်ကြသည်။ ဖိလိပ္ပိ ၁း၄-၈ တွင် သူတို့အား မိန့်တော်မူပုံကိုနားထောင်ပါ_

> ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိသမျှအဘို့ကို အစဉ်ဆုတောင်းပဌနာပြုလျက်၊ သင်တို့ကိုအောက်မေ့သောအခါခါ၊ သင်တို့သည် ရှေ့ဦးစွာ သောနေ့ရက်မှစ၍ ယခုတိုင်အောင် ဧဝံဂလိတရားကို ဆက်ဆံ၍ ခံစားကြောင်းကို ငါထောက်သဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။...သင်တို့ကို အောက်မေ့၏။ ငါသည် သင်တို့အပေါင်းကို ယေရှုခရစ်၏မေတ္တာကရုဏာနှင့် အဘယ်မျှလောက် လွမ်းသည်ဟု ဘုရားသခင်သည် ငါ့သက်သေဖြစ်တော်မူ၏ (ဖိလိပ္ပိ ၁း၄-၈)။

အမှန်တကယ်တွင်၊ ပေါလုသည် ဖိလိပ္ပိ ၂:၁၂ နှင့် ၄:၁ တွင်ဂရိစကားလုံး *agapētos* (*ἀγαπητός*) ကိုအသုံးပြု၍ ဖိလိပ္ပိယုံကြည်သူတို့အား “ငါ့ချစ်သူတို့” ဟုခေါ်ဆိုခဲ့သည်။ *agapētos* သည်တုခိတ်၊ ဧပဖြ၊ ဖိလေမုန်၊ ဩနေသိမ် နှင့် လုကာကဲ့သို့သော သူ၏အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက်များနှင့် ချစ်လှစွာသော မိတ်ဆွေများကိုဖော်ပြရာ၌ ပေါလုအသုံးများသော အသုံးအနှုန်းဖြစ်သည်။ ဖိလိပ္ပိအသင်းတော်အပေါ် ထားသော ပေါလု၏မေတ္တာသည် အခြားအသင်းတော်များကိုချစ်ခြင်းထက် ခိုင်မာပုံပေါ်သည်။ ၎င်းသည် သူ၏ရင်းနှီးမှုနှင့် အကျွမ်းတဝင်ရှိမှုခံစားချက်များတွင်သာမက၊ ဆက်လက်ရှင်သန်နေသော ချစ်ကြည် ရင်းနှီးမှုတွင်လည်း ပေါ်လွင်ထင်ရှားခဲ့သည်။ ပေါလုနှင့် သူ၏အိမ်ရှင်လုဒိတို့ကြား၊ သို့မဟုတ် ပေါလုနှင့် အသက်ကယ်တင်ခံရသောထောင်မှူးတို့ကြား၊ ပေါလုနှင့် နတ်ဆိုးစွဲခြင်းမှကယ်တင်ခံရသော ကျွန်မိန်းက လေးကြား ရင်းနှီးသောဆက်ဆံရေးရှိမည်ကို တွေးကြည့်ရန်မခဲယဉ်းပါ။ ဤအရာများနှင့် အခြားဆက်ဆံ ရေးများမှတစ်ဆင့်၊ ပေါလုသည် ဖိလိပ္ပိယုံကြည်သူများအပေါ် ချစ်ခင်မှုကြီးထွားလာခဲ့ပြီး၊ သူတို့သည် သူ့အပေါ် တူညီသောခံစားချက်ရှိခဲ့သည်။

> ပေါလုသည် ဖိလိပ္ပိမြို့သို့ ရောက်ရှိစဉ်တွင် ခက်ခဲကြမ်းတမ်းစွာအစပြုခဲ့သည်... သို့သော် သူ၏ကျမ်းအားဖြင့် အသင်းတော်နှင့် သူ၏ဆက်ဆံရေးအကြောင်း ကျွန်ုပ်တို့ပို၍လေ့လာသိရှိခဲ့သည်။ ဖိလိပ္ပိ ၁:၇ တွင် ပေါလုသည်သူတို့အား ကျေးဇူးတော်ကိုဆက်ဆံသူဟု ခေါ် ခဲ့သည်...ပေါလုသည် သူတို့ကို ကျေးဇူးတော် ကိုဆက်ဆံသူများဟု ခေါ်သောအခါ၊ မိမိသည် ခရစ်တော်အတွက် ဝမ်းမြောက်စွာ အကျဉ်းကျခံနေသကဲ့သို့၊ ဖိလိပ္ပိယုံကြည်သူတို့ကို သူနှင့်အတူ ဝမ်းမြောက်စွာ ခံနိုင်ရည်ရှိစေရန်နှင့် ထိုဆင်းရဲဒုက္ခ၌ပင် သူ့ကိုထောက်ပံ့ကူညီရန် တောင်းဆို ခဲ့သည်...သူ၏ဆက်ဆံရေးသည် အလွန်အပြုသဘောဆောင်ပြီး၊ အားရစရာ အလွန်ကောင်းပါသည်။ သူသည် ဖိလိပ္ပိအသင်းတော်အား ချစ်ခင်ပြီး၊ သူတို့သည် သူ့ကိုချစ်၍ အကျဉ်းချခံရစဉ်နှင့် လွတ်လပ်စွာ ဧဝံဂေလိတရားဟောပြောသည့် အခါတွင် ပံ့ပိုးကူညီကြသည်။

**Dr Jonathan Harris**

ကျွန်ုပ်တို့သည် ပေါလုနှင့် ဖိလိပ္ပိယုံကြည်သူများကြားရှိချစ်ခြင်းမေတ္တာ၊ ဖေးမကူညီသော ဆက်ဆံရေးကို တွေ့မြင်ပြီးနောက်၊ ယခုဖိလိပ္ပိသြဝါဒစာ၏နောက်ကွယ်မှ အရေးကြီးသောအသွင်အပြင် ဖြစ်သော_အကျဉ်းထောင်၌ တမန်တော်၏ဆင်းရဲဒုက္ခခံခြင်းကို ခဏတာအချိန်ယူကာ ကြည့်သင့်သည်။

## အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံခြင်း

ပေါလုသည် သူ၏ရှည်လျားသောဓမ္မအမှုတော်တွင် ကြီးစွာသောအခက်အခဲများကို အကြိမ်များ စွာကြုံတွေ့ခဲ့ရသည်။ သူ့ကို ကြာပွတ်၊ ကြိမ်လုံးများဖြင့်အကြိမ်ကြိမ်ရိုက်နှက်ခြင်း၊ လုပ်ကြံသတ်ဖြတ်သူ များ၏လိုက်လံဖမ်းဆီးခြင်း ကိုခံခဲ့ရသည်။ အကြိမ်ပေါင်းများစွာ အကျဉ်းချခံခဲ့ရသည်။ တစ်ခါက ကျောက်ခဲနှင့် သေလုမြောပါး ပစ်ပေါက်ခံရပြီး စွန့်ပစ်ခြင်းခံရသည်။ ဤအခက်အခဲများအောက် ခံနိုင် ရည်ကောင်းစွာ သူ၌အစဉ်အမြဲ မရှိခဲ့ပါ။ တစ်ခါတစ်ရံ၊ သူသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ပျက်လက်ပျက် ဖြစ်ခြင်းပင် ရှိခဲ့သည်။ သူ၏ တတိယသာသနာပြုခရီးတွင်၊ ပေါလုသည် သူ၏ဆင်းရဲဒုက္ခများအကြောင်း ကို ၂ ကောရိန္သု ၁:၈ တွင်ရေးသားခဲ့သည်_

> ညီအစ်ကိုတို့၊ အာရှပြည်၌ငါတို့ခံရသော ဆင်းရဲခြင်းတည်းဟူသော အသက်မလွတ်နိုင်ဟု ထင်ရ၍၊ မခံနိုင်အောင်အတိုင်းထက် အလွန်လေးသော ဆင်းရဲခံရကြောင်းကို သင်တို့မသိဘဲ နေစေခြင်းငှါ ငါတို့အလိုမရှိ (၂ ကောရိန္သု ၁:၈)။

ဤနေရာတွင် ပေါလုသည် ဤမျှလောက်လေးလံသောဝန်ထုပ်ဝန်ပိုးကို မိမိခံနိုင်ရည်ခွန်အား မရှိသည့်အတွက်စိတ်ပျက်လက်ပျက်ဖြစ်မိကြောင်း မည်သို့ဖော်ပြခဲ့သည်ကို သတိပြုပါ။

သစ္စာရှိ၊ ရင့်ကျက်သောခရစ်ယာန်များကဲ့သို့ပင်၊ ဘဝသည် မည်သည့်အခါမျှ မျှော်လင့်ချက် မကင်းမဲ့ကြောင်း ပေါလုသိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အခြေအနေများကို အစဉ်ထိန်းချုပ် ထားပြီး၊ စစ်မှန်သောယုံကြည်သူတိုင်းသည် ခရစ်တော်နှင့်အတူ ထာဝရအသက်ကို အာမခံထားပါသည်။ သို့သော် ပေါလုသည် ကျွန်ုပ်တို့ကဲ့သို့အားနည်းချက်များရှိသော လူသားတစ်ဦးမျှသာဖြစ်သည်။ အမှန်တကယ်တွင် ဘုရားသခင်၏အချုပ်အခြာအာဏာကိုသိရှိနားလည်ပြီး၊ ယုံကြည်ကိုးစားခြင်းသည် ကျွန်ုပ်တို့၏ခက်ခဲရုန်းကန်နေရသည့်အခြေအနေများကို တားဆီးပေးခြင်းမပြုပါ။ ပေါလုသည် ရုန်းကန် ခဲ့ရပြီး တစ်ခါတစ်ရံအရှုံးပေးချင်ခဲ့သည်။ တမန်တော်အကြောင်း နားလည်သဘောပေါက်ရန် အရေးကြီး သည်၊ အကြောင်းမှာ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ပေါလုသည် ဖိလိပ္ပိမြို့သားများထံ သူရေးသောအချိန် ၌အလားတူခံစားချက်များနှင့် ရုန်းကန်နေရသောကြောင့်ဖြစ်သည်။ သူ၏ယုံကြည်ခြင်းသည် သူ့အား သမ္မာတရား၌ ခိုင်ခံ့မြဲမြံစေပြီး၊ ဘုရားသခင်သည် အရာခပ်သိမ်းကို ကောင်းမွန်အောင် လုပ်ဆောင်ပေး နေကြောင်း သူ့ကိုအားပေးခဲ့သည်။ သို့သော် ပေါလု၏စိတ်နှလုံးသည် လေးလံနေဆဲဖြစ်ပြီး၊ သူ၏ ဝမ်းနည်းမှုမှာလည်း လေးနက်ဆဲဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖိလိပ္ပိဩဝါဒစာတွင်၊ ပေါလုသည် သူ့အပေါ် ကျရောက်နေသော အလွန်ကြီးလေးသော ဒုက္ခအားလုံးကို ထုတ်ဖော်မပြခဲ့ပါ။ သို့သော် သူသည် ၎င်းတို့ထဲမှအချို့ကို ပြောပြခဲ့ပြီး၊ ကြုံတွေ့နေရသော ဒုက္ခများသည် သူ၏စိတ်အခြေအနေအပေါ် စုပေါင်းသက်ရောက်မှုကို ထုတ်ဖော်ခဲ့သည်။ သာဓကအားဖြင့်၊ သူသည် သူ၏ဒုက္ခခံစားခြင်းမှ သက်သာရာရရန် သေခြင်းတရားကို မကြာခဏ ဟောပြောခဲ့သည်။ ဖိလိပ္ပိ ၃:၁၁ တွင်၊ သူသည် ဤနုတ်ကပတ်တော်များကို ရေးသားခဲ့သည်_

> သေခြင်းမှထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်းအသေခံ၍ ထိုသခင်ကို၎င်း၊ ထမြောက်တော်မူခြင်း၏ တန်ဖိုးကို၎င်း၊ ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍ ခံခြင်းကို၎င်း၊ သိကျွမ်းခြင်းငှါ၊ (ဖိလိပ္ပိ ၃:၁၁)။

ဤအခန်းငယ်တွင်၊ ပေါလုသည် သူ၏လက်ရှိဆင်းရဲဒုက္ခသည် အလွန်ကြီးမားသောကြောင့် ခရစ်တော်၏ဆင်းရဲဒုက္ခနှင့်သေခြင်း၌ ဝေမျှခြင်းဆိုင်ရာအတွေးအမြင်ကို အပြည့်အဝလက်ခံယုံကြည်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဖိလိပ္ပိ ၁:၂၀ တွင် ပေါလုသည် သူ၏အမြင်ကို ဤသို့ရှင်းပြခဲ့သည်_

> ယခုပင်ထင်ရှားတော်မူမည်ဟု ငါမြော်လင့်အားကြီး၍ တောင့်တသည်နှင့်အညီ သင်တို့ဆုတောင်းသဖြင့်၎င်း၊ ယေရှုခရစ်၏ဝိညာဉ်တော်မစသဖြင့်၎င်း၊ ဤအကြောင်းအရာသည် ငါ့ကိုကယ်တင်သော အကြောင်းအရာဖြစ်မည်ဟု ငါသိ၏ (ဖိလိပ္ပိ ၁:၂၀)။

ဤတွင်၊ ပေါလုသည် သူဝေဒနာခံစားနေရစဉ် ရဲစွမ်းသတ္တိရှိမည်ဟု သူ၏မျှော်လင့်ချက်ကို ဖော်ပြခဲ့သည်။ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ရှက်ကြောက်ခြင်းမရှိဘဲ ခရစ်တော်ကို ချီးမြှောက်ရန်မှာ သူ၏သဘောထားဖြစ်သည်။ ထို့နောက် ချက်ချင်းပင်၊ အခန်းငယ် ၂၁-၂၃ တွင် ပေါလုသည် မကြာမီသူသေဆုံးနိုင်ခြေရှိသည်ကို ဤနုတ်ကပတ်တော်များဖြင့် ဖော်ပြခဲ့သည်_

> အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏။ ဤကိုယ်ခန္ဓာ၌ ငါသည်အသက်ရှင်လျှင်၊ ငါပြုသောအမှု၏အကျိုးကား ထိုသို့သောအကျိုးဖြစ်၏။... ထိုအကျိုးနှစ်ပါး၏အကြား၌ ငါသည်ယခု ကျဉ်းမြောင်းစွာနေရ၏။ စုတေ့၍ ခရစ်တော်နှင့်အတူနေ ခြင်းငှါ တောင့်တ လိုချင်သောစိတ်ရှိ၏။ သာ၍အလွန် ထူးမြတ်သောအကျိုးဖြစ်၏ (ဖိလိပ္ပိ ၁:၂၁-၂၃)။

ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ပေါလုသည် တောင့်တမှုနှစ်ခုကြားတွင် ခံစားနေခဲ့သည်။ သူသည် ခရစ်တော်နှင့် ကိုယ်တော်၏နိုင်ငံတော်ကိုအစေခံရန် ဤလောကတွင် ဆက်လက်အသက်ရှင်လိုခဲ့သည်။ သို့သော် သေဆုံးပြီးနောက် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်အတူ အသက်တာ၏ ဘုန်းအသရေကို တွေ့ကြုံခံစားရန်လည်း သေခြင်းတရားကို လိုချင်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေါလုသည် ဖိလိပ္ပိဩဝါဒစာကို ရေးသောအခါ၊ သူ၏ယုံကြည်ခြင်းကြောင့် သူ၏အသက်တာသည် မကြာမီအဆုံးသတ်တော့မည်ဖြစ်ကာ ကွပ်မျက်ခံရမည့်အခြေအနေများအောက်တွင် အသက်ရှင်နေပါသည်။ ထို့ပြင် သူတို့အပေါ် သူ၏တုံ့ပြန်မှုသည် သမ္မာကျမ်းစာတွင်တွေ့ရသော စိတ်လှုပ်ရှားစရာ အကောင်းဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ထင်ပါသည်။ သူသည် ထိုနှစ်ခုကြားတွင် အမှန်တကယ်ခံစားနေပုံကို သူတို့အားပြောဆိုခဲ့သည်။ အမှန်တကယ်သေဆုံးပြီး ယေရှုနှင့်အတူရှိနေခြင်း သို့မဟုတ် ဆက်လက်အသက်ရှင်ပြီး ဖိလိပ္ပိယုံကြည်သူတို့ကို အမှုတော်ထမ်းဆောင်ခြင်း မည်သည့်အရာသည်သာ၍ကောင်းမည်ကို သူမသိပါ။ ပေါလုသည် ထိုရလဒ်ဖြစ်လာရန် သေခြင်းနှင့် ခရစ်တော်နှင့်အတူရှိရန် အမှန်တကယ် တောင့်တနေသည်ဟူသည့်သဘောကို ကျွန်ုပ်နားလည်သည်၊ အဘယ်ကြောင့်ဆိုသော် ယင်းသည် အဘယ်မျှဘုန်းကြီးလိမ့်မည်နည်း။ သို့သော်၊ ဧဝံဂေလိတရား၏သတင်းစကားနှင့်အတူ ဆက်လက်အသက်ရှင်နေထိုင်ပြီး အခြားသူများကို အမှုဆောင်နေမည်ဆိုလျှင်၊ သူသည် ထိုသို့လုပ်ဆောင်ရန် လုံးဝဆန္ဒရှိနေပါသည်။ ထို့ကြောင့်၊ ပေါလု၏သဘောထားသည် အမှန်တကယ်ပင် အသက်ရှင်သည်ဖြစ်စေ သေသည်ဖြစ်စေ သူ့အတွက် အောင်ပွဲတစ်ခုဖြစ်သည်။ သို့သော် သူသည်ဤဘဝတွင် ဆက်လက်အသက်ရှင်နေမည်ဆိုပါက ဖိလိပ္ပိမြို့သားများအတွက်လည်း အောင်ပွဲတစ်ခုဖြစ်သည်။

**Dr Dan Lacich**

သာမန်အခြေအနေများအောက်တွင် ခရစ်ယာန်များသည် သေလိုသောဆန္ဒ၌ နစ်မွန်းမနေသင့်ကြောင်း ယခုကျွန်ုပ်တို့အားလုံးသဘောပေါက်သင့်သည်။ ကျွန်ုပ်တို့အတွက်ပြင်ဆင်ထားသော သင်္ချိုင်းထက်ကျော်လွန်သည့် အရာများကို ကျွန်ုပ်တို့ စောင့်မျှော်သင့်သည်မှာ မှန်ပါသည်။ ၎င်းသည် အံ့ဩဖွယ်ရာဖြစ်ပါလိမ့်မည်။ သို့တိုင်၊ ရှည်လျားသောအသက်တာသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာဖြစ်ကြောင်း သမ္မာကျမ်းစာကသွန်သင်သည်။ ဘုရားသခင်၏နိုင်ငံတော်သည် ကောင်းကင်ဘုံ၌ရှိသကဲ့သို့ မြေကြီးပေါ်သို့ယူဆောင်လာရန် ကျွန်ုပ်တို့၏အခန်းကဏ္ဍကို ထမ်းဆောင်ရန် ကျွန်ုပ်တို့သည်ဖန်ဆင်းခံရသည်။ ဤသဘောအရ၊ သမ္မာကျမ်းစာတလျှောက်လုံးတွင် သေခြင်းတရားသည် ကျိန်ခြင်းဖြစ်သည်။ ၁ ကောရိန္သု ၁၅:၂၆ တွင် ရှင်ပေါလုကိုယ်တိုင် သေခြင်းတရားကို ရန်သူဟုခေါ်ဆိုခဲ့သည်။ သို့သော် ဤလောက၌ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့၏အချိန်သည် ကုန်ဆုံးလုနီးဖြစ်ပါက၊ ပေါလု၏အသက်တာတွင်ပြခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့အံ့ဩမိသည့်အချိန်များရှိသည်။ ဤအချိန်များရောက်လာသောအခါ၊ ကျွန်ုပ်တို့၏နှလုံးသားများသည် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်အတူရှိခြင်း၏အံ့ဖွယ်ကောင်းချီးမင်္ဂလာများကိုခံစားလိုသောဆန္ဒဖြင့်ပြည့်နေသင့်သည်။ အမှန်ပင်၊ ပေါလုသည် သေခြင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားကို ကြိုးဆိုသောအားဖြင့် သက်သာရာရကြောင်း ပြောရုံဖြင့် ယခုအချိန်တွင် သူမည်မျှ ဒုက္ခရောက်နေသည်ကို ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။ ဖိလိပ္ပိဩဝါဒစာတွင် ပေါလု၏စိတ်ပူပန်မှုအခြေအနေကို နေရာများစွာတွင် ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ဥပမာ၊ ဖိလိပ္ပိ ၂:၂၇-၂၈ တွင်၊ သူသည် သူ၏မိတ်ဆွေ ဧပဖြောဒိတ်၏နာမကျန်းမှုမှ ပြန်လည်ကောင်းမွန်လာခြင်းအကြောင်း ဤအသုံးအနှုန်းများဖြင့်ပြောခဲ့သည်_

> သူသည် သေလုအောင် နာသည်မှန်၏။ ထိုအခါဘုရားသခင်သည် သူ့ကို သနားတော်မူ၏။ သူ့ကိုသာ သနားတော်မူသည်မဟုတ်။ ငါ၌ ဝမ်းနည်းခြင်း အဆင့်ဆင့် အထပ်ထပ်မရှိစေခြင်းငှါ၊ ငါ့ကိုလည်း သနားတော်မူ၏။ ထိုကြောင့် သင်တို့သည် သူ့ကိုတဖန် တွေ့မြင်၍ ဝမ်းမြောက်စေခြင်းငှါငှင်း၊ ငါသည်လည်း သက်သာခြင်းငှါငှင်း၊ သူ့ကိုသာ၍ကြိုးစားသည်နှင့် ငါစေလွှတ်၏ (ဖိလိပ္ပိ ၂:၂၇-၂၈)။

ဧပဖြောဒိတ်၏သေဆုံးခြင်းသည် ပေါလုခံစားနေရသည့် ဝမ်းနည်းခြင်းကို သာ၍ဝမ်းနည်းပူဆွေးစေမည်ဖြစ်သည်။ ပေါလုသည် ဧပဖြောဒိတ်အား ဘုရားသခင်ပြသခဲ့သော ကရုဏာအတွက် ကျေးဇူးတင်ရှိခဲ့သည်၊ သို့သော်လည်း ပေါလု၏စုံစမ်းမှုများသည် အလွန်ကြီးမားပြီး ဤကောင်းချီးမင်္ဂလာသာလျှင် သူ၏နာကျင်မှုကို သက်သာစေမည်ဖြစ်သည်။ ၎င်းကို ဖယ်ရှားပစ်မည်မဟုတ်ပါ။

ပေါလု၏ဤဘဝတွင် ခရစ်တော်အတွက် အသက်ရှင်နေထိုင်ရန် ကတိကဝတ်နှင့် သေလွန်ပြီးနောက် သူ၏အနာဂတ်ပျော်ရွှင်မှုသည် သူ၏ဘဝတွင် ဆိုးရွားလှသော အန္တရာယ်နှင့်ရင်ဆိုင်ရသည့် အချက်မှ ပေါက်ဖွားလာခဲ့သည်။ ယခင်သင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ သူသည် ဤကျမ်းကို ရောမမြို့ရှိအကျဉ်းထောင်မှ သို့မဟုတ် ကဲသရိမာရီတီမာမြို့မှရေးသားခဲ့ခြင်းဖြစ်နိုင်သည်။ ရောမမြို့မှ ရေးခဲ့မည်ဆိုလျှင် ဆီဇာသည် သူ့ကိုအပြစ်စီရင်မည်ဟု မျှော်လင့်ခဲ့နိုင်သည်။ ကဲသရိမာရီတီမာမြို့မှရေးခဲ့မည်ဆိုလျှင်၊ သူ့ကို လုပ်ကြံသတ်ဖြတ်ရန် ယုဒလူမျိုးတို့၏ အကြံအစည်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ခြင်း ဖြစ်နိုင်သည်။ သို့သော် ခြိမ်းခြောက်မှုမည်သို့ပင်ရှိပါစေ၊ ပေါလုသည် ခရစ်တော်အတွက် အသက်ရှင်လိုသော်လည်း မကြာမီတွင်ပင် အသေခံရနိုင်သည်ဟူသော အမှန်တကယ်ဖြစ်နိုင်ခြေနှင့် လုံးထွေးနေပုံရသည်။ ဥပမာ၊ ဖိလိပ္ပိ ၁:၁၉ တွင်၊ "အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ်ဂုဏ်အသရေထင်ရှား တော်မူသကဲ့သို့" ဟု **မျှော်လင့်ချက်ဖြင့်ရေးသားခဲ့သည်။** ၁:၂၂ တွင်၊ သူသည် သေခြင်းတရားကိုရွေးချယ်ခွင့်ရှိနိုင်ကြောင်း– "ဤကိုယ်ခန္ဓာ၌ ငါသည်အသက်ရှင်လျှင်၊ ငါပြုသောအမှု၏အကျိုးကား ထိုသို့သောအကျိုးဖြစ်၏။ သို့သော်လည်း အဘယ်အကျိုးကို ရွေးယူရမည်ဟု ငါမသိ"ဟု ညွှန်ပြခဲ့သည်။ ၂:၁၇ တွင် "သင်တို့၏ယုံကြည်ခြင်းကို တင်လှူပူဇော်သောယဇ်အပေါ်မှာ ငါ့ကိုလောင်းသော်လည်း"ဟုဖြစ်နိုင်ခြေကို ဆိုခဲ့သည်။ ၃:၁၁ တွင်၊ ခရစ်တော်၏ဆင်းရဲဒုက္ခများကို သူ၏လက်ရှိမျှဝေခံစားခြင်းသည် "ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်းအသေခံ၍"ကို ကောင်းစွာဖြစ်ပေါ်စေနိုင်သည်ဟု ဖော်ပြခဲ့သည်။ သို့သော် သူသေမည်ဟု ပေါလုလုံးဝမယုံကြည်ခဲ့ပါ။ ဤကျမ်း၏အခြားနေရာများတွင်၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆက်လက်၍အသက်ရှင်နေမည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ဥပမာ ဖိလိပ္ပိ ၁:၂၅ တွင်၊ "ထိုသို့ရှိလိမ့်မည်ဟု ယုံမှားခြင်းနှင့် ကင်းလွတ်သည်ဖြစ်၍" ဟုရေးခဲ့သည်၊ ၎င်းမှာ ဖိလိပ္ပိယုံကြည်သူတို့၌ ဆက်၍အမှုတော်ဆောင်ရန် အသက်ရှင်မည်ဟု သူ၏မျှော်လင့်ချက်ကို ဖော်ပြသည်။

ပေါလုသည် သူ့ထံ၌မည်သည့်အရာ ဖြစ်ပျက်လာမည်ကို လုံးဝ မသေချာခဲ့ပါ။ တစ်ဖက်တွင်မူ၊ မကြာမီရောက်လာမည့် သေခြင်းတရားသည် အမှန်တကယ် ဖြစ်နိုင်ချေရှိသည်ကိုသူသိသည်။ ထို့ကြောင့် ဖိလိပ္ပိမြို့ရှိ သူ၏မိတ်ဆွေများအတွက် အဆိုးဆုံးကိုပြင်ဆင်ရန် သူကြိုးစားခဲ့သည်။ တစ်ဖက်တွင်မူ၊ သူသည် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်အသက်ရှင်နေမည့် မျှော်လင့်ချက်အချို့ရှိသည်။ ထို့ကြောင့် သူသည် ဖိလိပ္ပိလူများအား အကောင်းဆုံးကိုမျှော်လင့်ရန် အားပေးခဲ့သည်။ သို့သော် သူ့အတွက်အနာဂတ် မည်သို့ပင်ရှိစေကာမူ၊ ဤကျမ်းကိုရေးသောအခါ၊ ဤလောက၌ ခရစ်တော်အတွက် အသက်ရှင်ရန် သို့မဟုတ် ကိုယ်တော်အတွက်အသေခံရန်နှင့် ကောင်းကင်ဘုံ၌ ကိုယ်တော်၏မျက်မှောက်တော်သို့ ဝင်ရောက်ခြင်း၏ဘုန်းအသရေကို ခံယူရန် အပြည့်အဝသန္နိဋ္ဌာန်ချခဲ့သည်။

ဖိလိပ္ပိမြို့သားများနှင့် ပေါလု၏ဆက်ဆံရေးနှင့် အကျဉ်းထောင်၌ဆင်းရဲဒုက္ခခံခြင်းကို ကြည့်ရှုပြီးနောက်၊ ပေါလုရေးသားသောအချိန်၌ ဖိလိပ္ပိမြို့၌ တည်ရှိခဲ့သောအခြေအနေများကို ယခု ကျွန်ုပ်တို့ရှာဖွေသင့်သည်။ ပေါလု၏အာရုံစူးစိုက်မှုကို လိုအပ်သော ဖိလိပ္ပိခရစ်ယာန်များသည် မည်သည့်အခြေအနေမျိုးကို ရင်ဆိုင်ခဲ့ကြသနည်း။

# ဖိလိပ္ပိမြို့ရှိအခြေအနေများ

ပေါလုသည် ဖိလိပ္ပိအသင်းတော်ရှိ အခြေအနေများစွာကို ဖော်ပြခဲ့သော်လည်း ကျွန်ုပ်တို့သည် အကြောင်းအရာနှစ်ခုကိုသာ အာရုံစိုက်ပါမည်_ဖိလိပ္ပိအသင်းတော်၏ပေါလုအတွက်စိုးရိမ်ပူပန်မှုနှင့် ဖိလိပ္ပိအသင်းတော်ရှိအတွင်းပိုင်းနှင့် အပြင်ပိုင်းပြဿနာများဖြစ်သည်။ ပေါလုအတွက် ဖိလိပ္ပိယုံကြည်သူတို့၏စိုးရိမ်ပူပန်မှုကို ဖော်ပြခြင်းဖြင့်စတင်ကြပါစို့။

## ပေါလုအတွက် စိုးရိမ်ပူပန်မှု

ဖိလိပ္ပိအသင်းတော်တစ်ခုလုံးသည် တမန်တော်ပေါလုနှင့် ခိုင်ခံ့သော၊ မေတ္တာပါသောဆက်ဆံရေးရှိသည်။ အကျဉ်းထောင်တွင် သူ၏ဆင်းရဲခက်ခဲမှုများကို ပြန်ပြောင်းသုံးသပ်ကြစဉ် သူတို့သည် တုန်လှုပ်ချောက်ချားပြီး စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြသည်။ ထို့ကြောင့်၊ သူတို့တတ်နိုင်သည်နှင့်တပြိုင်နက် ပေါလု၏လောကဆိုင်ရာလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် လက်ဆောင်ပေးပို့ခြင်းဖြင့် ၎င်းတို့၏စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့ကြသည်။ သူတို့သည် ပေါလုထံလက်ဆောင်ပေးရန်နှင့် အကျဉ်းထောင်ကျစဉ်တွင် ပေါလုကိုအမှုဆောင်ရန် ဧပဖြောဒိတ်အား စေလွှတ်ခဲ့သည်။ ပေါလုသည် ဤလက်ဆောင်ကို ဖိလိပ္ပိ ၄:၁၈ တွင်ဖော်ပြထားပြီး၊ ကျေးဇူးတင်ကြောင်းမှတ်တမ်းကို ရေးထားသည်_

ယခုအခါ အရာရာ၌ငါရတတ်၏။ ဥစ္စာကြွယ်ဝ၏။ မွှေးကြိုင်သောအနံ့နှင့် ပြည့်စုံ၍၊ ဘုရားသခင် နှစ်သက်အားရတော်မူသော ယဇ်တည်းဟူသော သင်တို့ ပေးလိုက်သောအရာတို့ကို ဧပဖြောဒိတ်လက်မှ ငါခံရ သည်ဖြစ်၍ ကြွယ်ဝလျက် ရှိ၏ (ဖိလိပ္ပိ ၄:၁၈)။

ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ ဖိလိပ္ပိယုံကြည်သူတို့သည် ချမ်းသာကြွယ်ဝခြင်းမရှိသောကြောင့် ဤလက်ဆောင်သည် သူတို့အတွက် အရေးပါသောဆက်ကပ်မှုတစ်ခု ဖြစ်လာခဲ့သည်။ သို့သော် ပေါလု၏ကျန်းမာရေးကို အလွန်စိုးရိမ်သောကြောင့် သူတို့သည် ၎င်းကို စိတ်အားထက်သန်စွာပေးပို့ခဲ့ကြသည်။ ဖိလိပ္ပိ ၂:၂၅ တွင် ကျွန်ုပ်တို့ဖတ်ရသည်အတိုင်း၊ ဖိလိပ္ပိအသင်းတော်မှလည်း ပေါလုအား အကျဉ်းထောင်ထဲတွင် အမှုတော်ဆောင်ရန် ဧပဖြောဒိတ်ကို စေလွှတ်ခဲ့သည်။ ပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

ငါ့ကိုပြုစုသော သူတည်းဟူသော သင်တို့တမန်၊ ငါ့ညီဧပဖြောဒိတ်ကို သင်တို့ရှိရာသို့ ယခုစေလွှတ်သင့်သည်ဟု ငါထင်မှတ်၏ (ဖိလိပ္ပိ ၂:၂၅)။

ဧပဖြောဒိတ်သည်လည်း ဖိလိပ္ပိလူတို့၏ ပေါလုထံပေးစာတစ်စောင်ကိုလည်း ယူဆောင်ခဲ့ပုံရသည်။ ခရစ်တော်နောက်သို့ လိုက်လိုသူအချို့ကပင်၊ ပေါလုသည် နှိပ်စက်ညှဉ်းပန်းခံရခြင်းနှင့် သေခြင်းဆိုင်ရာခြိမ်းခြောက်မှု ခံရမည်ကို စိုးရိမ်ကြောင်း သူတို့ဖော်ပြကြသည်။ ဖိလိပ္ပိယုံကြည်သူတို့သည် သူ၏အခြေအနေများကို ကောင်းစွာနားလည်ပြီး၊ သူတို့၏စိုးရိမ်ပူပန်မှုအတွက် ကျေးဇူးတင်ကြောင်း ပေါလုသည် သူတို့ထံပေးသည့်ကျမ်းတွင် ဖော်ပြကာအတည်ပြုခဲ့သည်။ ဥပမာ၊ ဖိလိပ္ပိ ၁:၁၅-၁၇ တွင် ဧဝံဂေလိတရားဟောဆရာအချို့သည် သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေကြောင်း ဝန်ခံခဲ့သည်။ သူ၏အခြေအနေကို ဤနှုတ်ကပတ်တော်များဖြင့် ဖော်ပြခဲ့သည်_

လူအချို့တို့သည် ငြူစူရန်တွေ့ချင်သောသဘောနှင့် ခရစ်တော်၏တရားကို ဟောပြောကြ၏။...ထိုသူတို့သည် ကြည်ဖြူသောစိတ်မရှိ၊ ချည်နှောင်ခြင်းကို ငါခံရသည်တွင် သာ၍ဆင်းရဲစေမည်ဟုအကြံရှိ၍၊ ရန်တွေ့ချင်သောစိတ်နှင့် ဟောပြောကြ၏ (ဖိလိပ္ပိ ၁:၁၅-၁၇)။

အမှန်တကယ်တွင်၊ ပေါလုအနေဖြင့် အလွန်ဝမ်းနည်းကြေကွဲရသည့် အကြောင်းရင်းတစ်ခုမှာ၊ ခရစ်ယာန်ခေါင်းဆောင်များအပါအဝင် သူ့ပတ်ဝန်းကျင်ရှိ ယုံကြည်သူအနည်းငယ်မျှသာလျှင် ဧဝံဂေလိဓမ္မအမှုတော်တွင် ၎င်းတို့၏စိတ်နှလုံးကို အမှန်တကယ် အပ်နှံထားကြသည်။ ဤအကျိုးသက်ရောက်မှုအတွက် ဖိလိပ္ပိ ၂:၂၁ တွင်တွေ့ရသော ပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

လူခပ်သိမ်းတို့သည် ယေရှုခရစ်၏အကျိုးကိုမရှာ၊ ကိုယ်အကျိုးကိုသာရှာကြ၏ (ဖိလိပ္ပိ ၂:၂၁)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတိုချုပ်ပြောရလျှင်၊ ဖိလိပ္ပိယုံကြည်သူတို့သည် ဤအချိန်တွင် ပေါလုအတွက် စိုးရိမ်ပူပန်မှု၌ မှန်ကန်ခဲ့ကြသည်။ ပေါလု၏အခက်အခဲများသည် အလွန်ကြီးမားပြီး၊ သူ၏ထောက်ပံ့မှုမှာလည်း အားနည်းခဲ့သည်။ သို့သော် ဖိလိပ္ပိယုံကြည်သူများသည် ပေါလုခံစားနေရသည်ဟူသောအချက်ကို အပေါ်ယံသာစိုးရိမ်ပူပန်ခဲ့ခြင်း မဟုတ်ကြပါ။ လုပ်ကြံသတ်ဖြတ်ခြင်း သို့မဟုတ် လူအများရှေ့ကွပ်မျက်ခြင်းဖြင့် သူသည်သေမည်ဟူသော အတွေးကြောင့်လည်း သူတို့သည်ပူပန်ခဲ့ကြရသည်။ ထိုကြောက်ရွံ့မှုများသည် မှန်ကန်ပါသည်။ အစောပိုင်းသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ယုဒလူမျိုးများသည် ပေါလုကို တစ်ကြိမ်ထက်မက လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့ကြပြီး၊ သူစွပ်စွဲခံရသည့် ပြစ်မှုမှာသေဒဏ်အထိ ချမှတ်ခံရနိုင်သည်။ ထို့ကြောင့်၊ ဖိလိပ္ပိယုံကြည်သူများသည် တမန်တော်အတွက် အလွန်စိုးရိမ်သောကြောင့် ပေါလု၏ကိုယ်စားဆုတောင်းခြင်း၌ ဆည်းကပ်ကြသည်။ ပေါလုသည် ဖိလိပ္ပိ ၁:၁၉-၂၀ တွင် သူတို့၏ဆုတောင်းချက်များအတွက် ဤအားပေးစကားများဖြင့် ကျေးဇူးတင်စကားဆိုခဲ့သည်_

> အဘယ်သို့နည်းဟူမူကား၊ ငါသည်အလျှင်းရှက်ကြောက်ခြင်းမရှိ၊ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ် ဂုဏ်အသရေထင်ရှား တော်မူသကဲ့သို့ ယခုပင်ထင်ရှားတော်မူမည်ဟု ငါမြော်လင့်အားကြီး၍ တောင့်တသည်နှင့်အညီ သင်တို့ဆုတောင်းသဖြင့်၎င်း၊ ယေရှုခရစ်၏ ဝိညာဉ်တော်မစသဖြင့်၎င်း၊ ဤအကြောင်းအရာသည် ငါ့ကိုကယ်တင်သော အကြောင်းအရာဖြစ်မည်ဟု ငါသိ၏ (ဖိလိပ္ပိ ၁:၁၉-၂၀)။

ပေါလုသည် ဖိလိပ္ပိယုံကြည်သူတို့၏ဆုတောင်းချက်များအတွက် ကျေးဇူးတင်ရှိပြီး၊ သူ့အနေဖြင့် အသက်ရှင်သည်ဖြစ်စေ သေသည်ဖြစ်စေ ခရစ်တော်သည် ဂုဏ်အသရေထင်ရှားမည့်အကြောင်းကို အာမခံခဲ့သည်။

ပေါလုအတွက် ဖိလိပ္ပိယုံကြည်သူတို့၏စိုးရိမ်မှုကို ထည့်သွင်းစဉ်းစားပြီးနောက်၊ ဖိလိပ္ပိအသင်းတော်တွင် ရှိနေသောပြဿနာအချို့ကို အရင်းအမြစ်အမျိုးမျိုးမှ ယခုကျွန်ုပ်တို့ကြည့်ရှုသင့်သည်။

## အသင်းတော်အတွက် ပြဿနာများ

ဖိလိပ္ပိအသင်းတော်သည် အနည်းဆုံး ပြဿနာသုံးမျိုးကြုံတွေ့ရကြောင်း ဖိလိပ္ပိဩဝါဒစာအားဖြင့်ကျွန်ုပ်တို့ သိရှိရပါသည်။ ပထမ၊ သူတို့သည် အသင်းတော်အပြင်ဘက်ရှိသူများ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ရင်ဆိုင်ခဲ့ရသည်။ ဒုတိယ၊ အခြားအသင်းတော်များတွင် စိမ့်ဝင်သည့်ပုံစံအတိုင်း၊ မှားယွင်းသောသွန်သင်ခြင်း၏ခြိမ်းခြောက်ခြင်းကို သူတို့ခံရသည်။ တတိယ၊ အသင်းတော်အတွင်းရှိ ယုံကြည်သူများကြား ပဋိပက္ခများနှင့် သူတို့သည်ရုန်းကန်ခဲ့ရသည်။ သူတို့ကြုံတွေ့ခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ညှဉ်းပန်းနှိပ်စက်မှု။** ပေါလုသည် ဖိလိပ္ပိယုံကြည်သူတို့၏ညှဉ်းပန်းနှိပ်စက်ခြင်းကို ၁:၂၇-၃၀ တွင်ဖော်ပြခဲ့ပြီး၊ ဤနုတ်ကပတ်တော်များကိုရေးသားခဲ့သည်_

> သင်တို့သည် ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ၊ တပါးတည်းသော စိတ်ဝိညာဉ်၌ တည်၍၊ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလိုငှါ တညီတညွတ်တည်း ကြိုးစားအား ထုတ်ကြသည်အကြောင်းအရာကို... အကြောင်းမူကား၊ သင်တို့သည် အထက်ကမြင်သည်အတိုင်း၊ ယခုလည်း ကြားသည်အတိုင်း ငါခံရသော တိုက်လှန်ခြင်းကို ခံရသည်နည်းတူ၊ သင်တို့သည် ခံရကြသည်ဖြစ်၍၊ ခရစ်တော်ကို ယုံကြည်ခြင်းအခွင့်မှတပါး၊ ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏ (ဖိလိပ္ပိ ၁:၂၇-၃၀)။

> ဖိလိပ္ပိဩဝါဒစာ အခန်းကြီး ၁ တွင် ပေါလုက ယုံကြည်ရုံသာမက “ခရစ်တော်နှင့်အတူ ဆင်းရဲခံခြင်း” ကိုလည်း “ကျွန်ုပ်တို့အား ပေးသနားတော်မူကြောင်း” ဖော်ပြထားသည်။ ဟုတ်ပါသလား။ “မအံ့ဩပါနှင့်။ မကြောက်ပါနှင့်။" တမန်တော်ပေါလုသည် ရောမ ၅ ၌ တစ်ဆင့်တိုး၍ဆိုသည်မှာ၊ ကျွန်ုပ်တို့သည်ဆင်းရဲဒုက္ခ၌ ဝမ်းမြောက်ခြင်းရှိမည်၊ ဘုန်းအသရေကိုခံရမည် ဖြစ်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့ကို ခရစ်တော်နှင့်တူသော စရိုက်လက္ခဏာဖြစ်အောင် ခရစ်ယာန်များ အတွက် ဘုရားသခင် ပုံဖော်ထားသောကြောင့်ဖြစ်သည်...ဧဝံဂေလိတရား အားဖြင့် ကျွန်ုပ်တို့ကို စိတ်ချစေသည်ဟု သမ္မာကျမ်းစာကဆိုထားသည်—ရောမ ၈၊ ဧဝံဂေလိတရားသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ မပျက်ကွက်သော ချစ်ခြင်းမေတ္တာကို စိတ်ချစေကာ “ယေရှုခရစ်၌ရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ကျွန်ုပ်တို့ကိုမည်သူ ခွဲကွာစေမည်နည်း။ ပင်ပန်းဆင်းရဲခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်းလော။ ထို့ကြောင့် နောက်ဆုံးတွင်၊ ကျွန်ုပ်တို့သည် နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ဆင်းရဲဒုက္ခခံရသောအခါ၊ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို မှီဝဲဆည်းကပ်ကာ၊ ထိုအရပ်၌ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏အာမခံချက်ကို ရှာဖွေရမည်ဖြစ်သည်။
>
> **— Rev. C.S. Tang**

အစောပိုင်းနှစ်အနည်းငယ်က၊ ဖိလိပ္ပိမြို့တွင် အသင်းတော်ကို တည်ထောင်ပြီးနောက် ပေါလုသည် အိမ်နီးချင်းမာကေဒေါနိပြည်ရှိ သက်သာလောနိတ်မြို့၌ ယုဒလူမျိုး၏ ကြီးမားသောဆန့်ကျင်ခြင်းကိုကြုံတွေ့ခဲ့သည်။ တမန်တော် ၁၇:၅-၁၃ တွင် ကျွန်ုပ်တို့ဖတ်ရှုရသည့်အတိုင်း၊ ဒေါသထွက်နေသော



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤယုဒလူမျိုးများသည် ပေါလုနှင့်အခြားယုံကြည်သူများကိုရောမဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့သည်။ ရလဒ်အနေဖြင့်၊ ပေါလုသည် ယုဒလူမျိုးများ၏နောက်ထပ်ညှဉ်းပန်းနှိပ်စက်မှုနှင့် အရပ်ဘက်အစိုးရ၏ ဖမ်းဆီးခြင်းတို့ကိုရှောင်ရှားရန် ညအချိန်တွင် မြို့တွင်းမှ ထွက်ပြေးခဲ့ရသည်။ သက်သာလောနိတ်မြို့မှ ဤယုဒလူမျိုးများသည် အလွန်စိတ်ထက်သန်သောကြောင့် ပေါလုကို ဗေရိမြို့သို့ပင် လိုက်လံရှာဖွေခဲ့ကြသည်။ ထို့ကြောင့် ဤယုဒလူမျိုးများ သို့မဟုတ် ၎င်းတို့ကဲ့သို့သော အခြားသူများသည်လည်း ဖိလိပ္ပိအသင်းတော်ကို နှောင့်ယှက်ပြီး၊ ထိုနေရာရှိအသင်းတော်ကိုဆန့်ကျင်သည့် ဒေသခံအစိုးရအား လှုံ့ဆော်ခဲ့ခြင်းဖြစ်နိုင်သည်။ သို့သော် ဖိလိပ္ပိမြို့တွင် နှိပ်စက်ညှဉ်းပန်းမှု၏ သီးခြားသဘောသဘာဝ မည်သို့ပင်ရှိစေကာမူ၊ အသင်းတော်သည် မယုံကြည်သူများလက်၌ ဆင်းရဲဒုက္ခခံနေသည်မှာ ထင်ရှားပါသည်။

အသင်းတော်ပြင်ပမှ နှိပ်စက်ညှဉ်းပန်းခြင်းအပြင်၊ ဖိလိပ္ပိယုံကြည်သူများရင်ဆိုင်ရသည့် ဒုတိယပြဿနာမှာ မှားယွင်းသောသွန်သင်ခြင်း၏ခြိမ်းခြောက်မှုဖြစ်သည်။

**မှားယွင်းသောသွန်သင်ခြင်း။** ယခု ဖိလိပ္ပိဩဝါဒစာအရ၊ ပေါလုသည် ၎င်းကို တိုက်ရိုက်ရင်ဆိုင်တွေ့ခြင်းမရှိသောကြောင့် မှားယွင်းသောသွန်သင်ချက်သည် ဖိလိပ္ပိအသင်းတော်အား နက်ရှိုင်းစွာအကျိုးသက်ရောက်မှုမရှိသေးကြောင်း ထင်ရှားသည်၊ သို့သော် သူတို့၏မြို့သို့ရောက်လာနိုင်သည့် မှားယွင်းသောသွန်သင်ချက်ကို ငြင်းပယ်ရန် ဖိလိပ္ပိယုံကြည်သူတို့အား သူသတိပေးခဲ့သည်။ ဖိလိပ္ပိ ၃:၁-၃ တွင်တွေ့ရသော အရေဖျားလှီးခြင်းနှင့်ပတ်သက်၍ ပေါလု၏နုတ်ကပတ်တော်များကို သုံးသပ်ကြည့်ပါ_

> ကြွင်းသေးသော စကားဟူမူကား၊ ငါ့ညီအစ်ကိုတို့၊ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းရှိကြလော့။ အထပ် ထပ် ငါရေးလိုက်သော်လည်း ပင်ပန်းခြင်းမရှိ။ သင်တို့မူကား လုံခြုံခြင်း ရှိကြလိမ့်မည်။ ခွေးတို့ကို ရှောင်ကြလော့။ မကောင်းသောအကျင့်ကို ကျင့်သောသူတို့ကို ရှောင်ကြလော့။ အရေဖျားလှီးခြင်းကို ခံယောင်ဆောင်သောသူတို့ကို ရှောင်ကြလော့။ ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍၊ ဇာတိ၌ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍၊ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏ (ဖိလိပ္ပိ ၃:၁-၃)။

ဤနေရာ၌ ခေါ်ဝေါ်သည့်အတိုင်း အရေဖျားလှီးခြင်းကို ထောက်ခံအားပေးသော ဆရာအတုအယောင်များ—"အရေဖျားလှီးခြင်းကို ခံယောင်ဆောင်သောသူတို့"—သည် ဖိလိပ္ပိအသင်းတော်ကို အနှောင့်အယှက်ဖြစ်စေမည်ကို ပေါလုစိုးရိမ်ခဲ့သည်။ ဖိလိပ္ပိ ၃:၁၈-၁၉ တွင် အခြားမှားယွင်းသောသွန်သင်ချက်မှာများကိုလည်း ရှုတ်ချခဲ့သည်_

> ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြု၍ ကျင့်သောသူအများရှိကြ၏။ ထိုသူတို့သည် ပျက်စီးခြင်း၌ လမ်းဆုံးတတ်ကြ၏။ သူတို့၏ ဘုရားမူကား၊ မိမိတို့ဝမ်းပေတည်း။ မိမိတို့ ရှက်ကြောက်ဘွယ်သော အကျင့်၌သာ မိမိတို့ဝါကြွားကြ၏။ လောကီအရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြ၏။

ဤနေရာ၌ ပေါလု၏အသုံးအနှုန်းသည် အစာအာဟာရဆိုင်ရာမြိုးခြံချွေတာဝါဒနှင့် အစားအစာဆိုင်ရာ ဓမ္မဟောင်းပညတ်ချက်များကို မလျော့ကန်စွာအသုံးပြုခြင်းအပါအဝင်၊ မှားယွင်းသောသွန်သင်ချက်များကို ဖော်ပြနေသည်။ ဤမှားယွင်းသောသွန်သင်ချက်အမျိုးအစားများသည် အနည်းဆုံး အရင်းအမြစ်နှစ်ခုမှ လာသည်။ တစ်ဖက်တွင်၊ ပေါလုသည် ကောလောသဲမြို့နှင့် လစ်ကပ်စ်ချိုင့်ဝှမ်းမှ အခြားမြို့များရှိအသင်းတော်များကို ခြိမ်းခြောက်သည့် မှားယွင်းသောသွန်သင်ချက်များကို စိတ်ထဲတွင်ရှိနေပါသည်။ ယခင်သင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ လစ်ကပ်စ်ချိုင့်ဝှမ်းရှိ မှားယွင်းသောသွန်သင်ချက်များသည် ဂရိဒဿန၊ မြိုးခြံချွေတာဝါဒနှင့် ယုဒပညတ်တရား၏အကျင့်ပျက်ခြစားခြင်းဆိုင်ရာ အစိတ်အပိုင်းများနှင့် ခရစ်ယာန်သွန်သင်ချက်များကို ရောနှောထားသည်။ ဥပမာ၊ ပေါလုသည် ကောလောသဲ ၂:၁၁၊ ၁၂ တွင်၊ အရေဖျားလှီးခြင်းကို မတော်မတရားအသုံးပြုခြင်းနှင့် ဤမှားယွင်းသောသွန်သင်ချက်ကို ဆက်စပ်ဖော်ပြခဲ့သည်။ ကောလောသဲ ၂:၂၀-၂၃ တွင် အစားအသောက်ဆိုင်ရာ မြိုးခြံချွေတာဝါဒနှင့်လည်း ချိတ်ဆက်ထားသည်။

အခြားတစ်ဖက်တွင်၊ ပေါလုသည် ယေရုရှလင်မြို့မှ “ယုဒလူမျိုးခရစ်ယာန်များ” ဟုခေါ်ဝေါ်လေ့ရှိသည့်အရာနှင့်ပတ်သက်၍လည်း စိုးရိမ်ပူပန်နေပါသည်။ သူသည် ဂလာတိ ၂:၁၁-၂၁ တွင် ဤဆရာအတုအယောင်များအကြောင်းကို နှစ်ပေါင်းများစွာကပင် ရေးသားခဲ့ပြီး၊ နောက်ပိုင်းတွင်ရောမ ၄:၉-၁၇ ၌ရေးသားခဲ့သည်။ သူ၏လက်ရှိအကျဉ်းချခံရမှုသည် ယေရုရှလင်မြို့သို့သွားသော သူ၏အစောပိုင်းခရီးစဉ်အတွင်း ဤမှားယွင်းသောဆရာများနှင့် ပဋိပက္ခများကြောင့် ဖြစ်နိုင်သည်။ လစ်ကပ်စ်ချိုင့်ဝှမ်းရှိအတုအယောင်ဆရာများကဲ့သို့ပင်၊ ယုဒလူမျိုးခရစ်ယာန်တို့သည် တစ်ပါးအမျိုးသား ယုံကြည်သူများအား ခရစ်ယာန်ယုံကြည်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော အချို့သောဂျူးထုံးတမ်းစဉ်လာများကို လိုက်နာရန်ကြိုးပမ်းခဲ့သည်။

နောက်ဆုံးအနေနှင့်၊ ဖိလိပ္ပိယုံကြည်သူတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မှားယွင်းသောသွန်သင်ခြင်းဆိုင်ရာ ပြဿနာများအပြင်၊ အသင်းတော်အတွင်း အချင်းချင်းပဋိပက္ခများနှင့်အတူ ရုန်းကန်ခဲ့ရသည်။

**ပဋိပက္ခများ။** ပေါလုသည် ဤပဋိပက္ခများကို ဖိလိပ္ပိ ၂:၁-၃ တွင်ယေဘုယျအသုံးအနှုန်းများဖြင့် ဖော်ပြခဲ့သည်_

> ထိုကြောင့်ခရစ်တော်၌သက်သာခြင်း၊ မေတ္တာနှင့်စပ်ဆိုင်သော ချမ်းသာခြင်း၊
> ဝိညာဉ်တော်နှင့် မိဿ ဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသောအရာ
> တစုံတခုရှိလျှင်၊ သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ
> တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘော တညီတညွတ်တည်း
> ရှိသောအားဖြင့်၊ ငါဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။
> ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကီတ္တိကို တပ်မက်သောစိတ်ရှိ၍
> အဘယ်အမှုကို မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက်
ထင်မှတ်ကြလော့ (ဖိလိပ္ပိ ၂:၁-၃)။

ဖိလိပ္ပိ ၄:၂ တွင်၊ သူတို့၏ကွဲပြားမှုများကို မဖြေရှင်းနိုင်ဟုထင်ရသော အမျိုးသမီးနှစ်ဦးကို အထူးတိုက်တွန်းထားပြီး၊ ဤနုတ်ကပတ်တော်များကိုရေးသားခဲ့သည်_

ဧဝေါဒိနှင့်သုန္တုတ်တို့သည် သခင်ဘုရား၌ သဘောတညီတညွတ်တည်း
ဖြစ်ရကြမည်အကြောင်းကို ငါတောင်းပန် သွေးဆောင်ပါ၏ (ဖိလိပ္ပိ ၄:၂)။

ယခု၊ ဖိလိပ္ပိအသင်းတော်ရှိ အတွင်းပိုင်းပဋိပက္ခများသည် ပေါလုထံမှ ပြင်းထန်သောပြစ်တင်ရှုတ်ချခြင်း သို့မဟုတ် ဆုံးမခြင်းကို အာမခံချက်မပေးပါ။ သို့တိုင်၊ ၎င်းတို့သည် အနှောင့်အယှက်ဖြစ်စေပြီး၊ အကျိုးမရှိ၊ အပြစ်ရှိကြသည်။ အတ္တဗဟိုပြုခြင်း၊ မေတ္တာမရှိသော ပဋိပက္ခကို အသင်းတော်တွင် မည်သည့်အခါမှ လက်ခံနိုင်စရာအကြောင်း မရှိပါ။ ထို့ကြောင့်၊ ပေါလုသည် ခရစ်တော်၏အကြောင်းကို မြှင့်တင်ရန် သူ၏ကျမ်းများတွင် လုပ်ဆောင်ခဲ့သည့်အတိုင်း၊ အသင်းတော်တွင် စည်းလုံးမှုနှင့် ချစ်ခြင်းမေတ္တာ၏အရေးကြီးပုံကို အလေးပေးဖော်ပြသည့် နေရာများစွာကို အသုံးပြုခဲ့သည်။

၎င်းသည် ဖိလိပ္ပိသြဝါဒစာ၏အကြောင်းအရာကို နားလည်ရန်ကြိုးစားခြင်းအား
အထောက်အကူဖြစ်စေသည်။ ထို့ပြင် ဤအမျိုးသမီး ဧဝေါဒိနှင့် သုန္တုတ်
အကြောင်း အခန်း ၄ အပိုဒ် ၂ ၌ဖော်ပြသောအခါ၊ သဲလွန်စကောင်းတစ်ခု
ရမည်ဟု ထင်ပါသည်။ ယခုဤနေရာ၌ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ
သူသည်အဘယ်ကြောင့် ဤကျမ်းကို ရေးသားသနည်းဟူသည့် သဲလွန်စတစ်ခုကို
ကျွန်ုပ်တို့သိခဲ့ရသည်။ သူပြောသည်မှာ "ဧဝေါဒိနှင့်သုန္တုတ်တို့ ငါတောင်းပန်ပါ
၏။"—ဤနေရာ၌ အလေးထားသည့်အရာကို သတိပြုပါ— "ဧဝေါဒိနှင့်သုန္တုတ်
တို့သည် သခင်ဘုရား၌သဘော တညီတညွတ်တည်း ဖြစ်ရကြမည်အကြောင်းကို
ငါတောင်းပန်သွေးဆောင်ပါ၏။" ဤအမျိုးသမီးများသည် သခင်ဘုရား၌
တူညီသောစိတ်ရှိပုံမရပါ၊ သူတို့သည် သိသာထင်ရှားစွာငြင်းခုံနေကြသည်
ဟူသောအယူအဆကို ကျွန်ုပ်တို့တွင်ဖြစ်ပေါ်စေသည်။ ယခု၊ ဤအသင်းတော်
တွင် ဖြစ်ပျက်နေသည့်အရာကို၊ အနည်းငယ်သောအချက်အလက်ဖြင့်
ဤကျမ်းကိုဖတ်သည့်အခါ အခြားသဲလွန်စတစ်ခုကို ကျွန်ုပ်တို့အားပေးပါသည်၊
အဘယ်ကြောင့် ပေါလု ဤသို့ပြောသည့်အကြောင်းပြချက်မှာ၊ "ယေရှုခရစ်၌
ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့... [ထိုသခင်သည်] ...
ယေရှု ...ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊
ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်...မိမိ
အသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်" — အခန်း ၂ ကို
ပြန်ကြည့်ရန်လိုသည်မဟုတ်လော။ ထို့ကြောင့် ပေါလုက "ထိုစိတ်သဘောကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

သင်တို့၌လည်း ရှိစေကြလော့”ဟုပြောသောအခါ၊ သူသည် ခက်ခဲရုန်းကန်နေရသော ဤအမျိုးသမီးများနှင့် အခြားသောသူများအား ပြောခြင်းဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့၏မကျေနပ်ချက်များကို အမှန်တကယ် စွန့်လွှတ်နိုင်ရန် အခွင့်အလမ်းသည် ရောက်လာသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို စွန့်လွှတ်လိုက်သောအခါ ကျွန်ုပ်တို့၏အထဲ၌ ခရစ်တော်၏စိတ်သဘောကို ရရှိလာပါသည်။ ဤသည်မှာ မိမိ၏အနေအထားကို ဆုပ်ကိုင်ထားရန် မစဉ်းစားခဲ့သော သခင်ယေရှု၏ပြခဲ့သော လုပ်ရပ်ဖြစ်သည်။ အစေခံတစ်ဦး၏ ပုံစံကို ယူမည့်အစား၊ သူ့ကိုယ်သူ ကျွန်သဏ္ဌာန်ကို ခံယူခဲ့သည်။

**Dr Andy Miller III**

ကျွန်ုပ်တို့သည် ဖိလိပ္ပိသြဝါဒစာ၏နောက်ခံသမိုင်းကို ကြည့်ရှုပြီးနောက်၊ ယခုဤသင်ခန်းစာ၏ ဒုတိယအဓိကအကြောင်းအရာဖြစ်သော ဖိလိပ္ပိသြဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

---

ဖိလိပ္ပိသြဝါဒစာ၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကျွန်ုပ်တို့သုံးသပ်သောအခါ၊ ကျမ်းကိုအဓိက အပိုင်းငါးပိုင်းအဖြစ် ပိုင်းခြားပါမည်_

- နှုတ်ဆက်ခြင်း ၁:၁၊ ၂။
- ကျေးဇူးတော်ချီးမွမ်းခြင်းအပိုင်း ၁:၃-၈
- ဖိလိပ္ပိယုံကြည်သူများအတွက် ပေါလု၏ဆုတောင်းချက် ၁:၉-၁၁
- ကျမ်း၏အဓိကကိုယ်ထည် ၁:၁၂–၄:၂၀
- ပေါလု၏ နောက်ဆုံးနှုတ်ခွန်းဆက်စကားများ ၄:၂၁-၂၃။

## နှုတ်ဆက်ခြင်း (၁:၁၊ ၂)

ပေါလုသည် ကျမ်း၏အဓိကရေးသားသူအဖြစ် နှုတ်ဆက်ခြင်း ၁:၁၊ ၂ တွင်သတ်မှတ်ဖော်ပြပြီး၊ ထိုကျမ်းသည် တိမောသေထံမှရောက်ရှိလာကြောင်းလည်း ဖော်ပြထားသည်။ သို့တိုင်၊ ဖိလိပ္ပိမြို့သားများအား ပေါလု၏ပုဂ္ဂိုလ်ရေးအရ ချစ်ခင်မြတ်နိုးမှုနှင့်အညီ၊ အခြားကျမ်းများတွင် သူပြောခဲ့သည့်အတိုင်း “ကျွန်ုပ်တို့” နှင့် “ငါတို့”ဟူသည့်စကားလုံးထက် “ငါ” နှင့် “ကျွန်ုပ်” ဟူသော ပုဂ္ဂိုလ်ရေး အနည်းကိန်း

စကားလုံးများကိုအသုံးပြု၍ မိမိကိုယ်ကို တိုက်ရိုက်ညွှန်းခဲ့သည်။ ဖိလိပ္ပိ ၂:၁၉၊ ၂၂ တွင်၊ တတိယပုဂ္ဂိုလ် တိမောသေကို ရည်ညွှန်းခဲ့သည်။

ဖိလိပ္ပိသြဝါဒစာ၏နှုတ်ဆက်ခြင်းသည် ပေါလု၏တမန်တော်ဖြစ်ခြင်းကို မဖော်ပြထားသောကြောင့်၊ ပေါလု၏အခြားကျမ်းအများစုနှင့် အနည်းငယ်ကွဲပြားသည်။ သက်သာလောနိတ်သြဝါဒစာ ၁၊ ၂ နှင့် ဖိလေမုန်သြဝါဒစာသည်သာ ဤထူးခြားချက်ကိုမျှဝေသည် — သို့သော်၊ ဤကျမ်း ၃ စောင်စလုံးသည် ပေါလု၏တမန်တော်ဖြစ်ခြင်းအခွင့်အာဏာကို နှုတ်ဆက်ခြင်း၏ *အပြင်ဘက်* တွင်ဖော်ပြထားသည်။ ပေါလုသည် သူ၏တမန်တော်ဖြစ်ခြင်းအခွင့်အာဏာကို ကျမ်းတစ်ခုလုံး၌ထင်ရှားစွာမဖော်ပြသည့်ကျမ်းကို ဖိလိပ္ပိသြဝါဒစာ၌သာ ကျွန်ုပ်တို့တွေ့နိုင်သည်။ ၎င်းသည် ဖိလိပ္ပိသြဝါဒစာတွင် တမန်တော်ဖြစ်ခြင်းအခွင့်အာဏာမရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ ယင်းအစား၊ ၎င်းသည် ဖိလိပ္ပိယုံကြည်သူတို့နှင့် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံခြင်း၊ ပေါလုအပေါ် သူတို့၏ရိုသေလေးစားမှု၊ သခင်ဘုရား၏စိတ်တော်နှင့်တွေ့ရန် သူတို့၏စိတ်အားထက်သန်မှုတို့အတွက် သက်သေခံချက်ဖြစ်သည်။ ပေါလုသည် သူ၏အနေအထားနှင့် အခွင့်အာဏာကိုတောင်းဆိုရန် လိုအပ်သည်ဟု တစ်ခါမျှမခံစားပေ။

## ကျေးဇူးတော်ချီးမွမ်းခြင်း (၁း၃-၈)

နှုတ်ဆက်ခြင်းပြီးနောက် ပေါလုသည် ၁:၃-၈ တွင် ကျေးဇူးတော်ချီးမွမ်းခြင်းအပိုင်းကို ဖော်ပြခဲ့သည်။ ဤနှုတ်ဆက်ခြင်းမှ ကျေးဇူးတော်ချီးမွမ်းခြင်းသို့ ကူးပြောင်းမှုသည် ဂလာတိသြဝါဒစာနှင့် တိတုသြဝါဒစာမှလွဲ၍ အခြားကျမ်းအများစုတွင် ပေါလုလိုက်နာသောပုံစံနှင့် ကိုက်ညီသည်။ အခန်းငယ် ၃-၆ တွင်တွေ့ရသော ပေါလု၏ကျေးဇူးတော်ချီးမွမ်းခြင်း၏ ပထမအပိုင်းသည်၊ ကျေးဇူးတော်ချီးမွမ်းခြင်း၏ စံနှုန်းတစ်ခုကို ဖော်ပြသည်။ ပေါလုသည် ဖိလိပ္ပိမြို့သားများက သူ့ထံသို့ယူဆောင်လာခဲ့သော ဝမ်းမြောက်မှုနှင့် သူတို့၏အဆုံးစွန်သောကယ်တင်ခြင်းအတွက် သူ၏မျှော်လင့်ချက်များအကြောင်း ပြောပြခဲ့သည်။ သို့သော် အခန်းငယ် ၇၊ ၈ သည်ဖိလိပ္ပိယုံကြည်သူများအပေါ် သူ၏နက်ရှိုင်းသော ချစ်ခြင်းမေတ္တာကို အလေးပေးသောကြောင့်၊ ပေါလု၏ကျေးဇူးတော်ချီးမွမ်းခြင်းစံနှုန်းဖြစ်သည်။ သူ၏စကားများကို နားထောင်ကြည့်မည် –

> ရှိသမျှသောသင်တို့၏အမှုအရာ၌ ဤသို့ငါယူအပ်၏။ အကြောင်းမူကား၊ ငါခံရသော ကျေးဇူးတော်ကို သင်တို့အပေါင်းသည် ဆက်ဆံကြသည်ဖြစ်၍… ငါသည် သင်တို့အပေါင်းကို ယေရှုခရစ်၏မေတ္တာကရုဏာနှင့် အဘယ်မျှလောက် လွမ်းသည်ဟု ဘုရားသခင်သည် ငါ့သက်သေဖြစ်တော်မူ၏ (ဖိလိပ္ပိ ၁:၇-၈)။

ဤအခန်းငယ်များသည် ဖိလိပ္ပိယုံကြည်သူများနှင့် ပေါလု၏ဆက်ဆံရေးသည် အလွန်ပင်ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် စိတ်နှလုံးထက်သန်မှုရှိကြောင်း အခြားညွှန်ပြချက်တစ်ခုဖြစ်သည်။

# ဆုတောင်းခြင်း (၁း၉-၁၁)

နှုတ်ဆက်ခြင်းနှင့် ကျေးဇူးတော်ကိုချီးမွမ်းပြီးနောက်၊ ပေါလုသည် ၁:၉-၁၁ တွင် ဖိလိပ္ပိယုံကြည်သူများအတွက် ဆုတောင်းပေးခဲ့သည်။ ဤဆုတောင်းချက်သည် တိုတောင်းသော်လည်း၊ ကျမ်းတစ်ခုလုံးတွင်တွေ့ရသော အလေးပေးမှုများနှင့် ပြည့်နေပါသည်။ ဖိလိပ္ပိယုံကြည်သူများသည် ဘုရားသခင်ကို ချီးမြှောက်သောနည်းလမ်းများဖြင့် အသက်ရှင်ခြင်းဖြင့် ၎င်းတို့၏ခရစ်ယာန်မေတ္တာကိုဖော်ပြကြရန် ပေါလုဆုတောင်းခဲ့သည်။ ရှေးဦးစွာ၊ မှန်ကန်စွာစီရင်ဆုံးဖြတ်နိုင်ရန် လိုအပ်သောပိုင်းခြားသိမြင်မှု သူတို့တွင်ရှိရန် ဆုတောင်းခဲ့သည်။ ဒုတိယ၊ ဤပိုင်းခြားသိမြင်မှုသည် ၎င်းတို့အား ကောင်းသောအကျင့်များ လုပ်ဆောင်ရန်၊ ခရစ်တော်၏တရားစီရင်ရန်ကြွလာချိန်အထိ ယုံကြည်ခြင်းနှင့် ကျင့်ကြံခြင်း၌ ဖွဲလုံ့လရှိရန်အတွက် ဆုတောင်းခဲ့သည်။ နောက်ဆုံးတွင်၊ ဖိလိပ္ပိယုံကြည်သူများသည် ၎င်းတို့၏ကောင်းသော အကျင့်များနှင့် ဖွဲလုံ့လအားဖြင့် ဘုရားသခင်အား ဘုန်းအသရေနှင့် ချီးမွမ်းခြင်းကိုပြုနိုင်ရန် သူဆုတောင်းခဲ့သည်။

# ကိုယ်ထည် (၁:၁၂–၄:၂၀)

သူ၏ဆုတောင်းပြီးနောက်၊ ပေါလုသည် ကျမ်း၏အဓိကကိုယ်ထည်ကို ဖိလိပ္ပိယုံကြည်သူများထံ ၁:၁၂–၄:၂၀ တွင်ဖော်ပြခဲ့သည်။ ဤအပိုင်းကို မတူညီသောအနက်ပြန်သူများသည် နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြထားပါသည်။ သို့သော် ဤသင်ခန်းစာတွင်၊ ဖိလိပ္ပိအသင်းတော်သို့ ပေါလု၏အားပေးမှုနှင့် ညွှန်ကြားချက်များ၏ယုတ္တိရှိမှုကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ပေါလုသည် ဖိလိပ္ပိယုံကြည်သူတို့ထံ ကျမ်းရေးသောအခါ၊ သူသည် အကျဉ်းထောင်ထဲတွင် ကြီးစွာသောဒုက္ခ ခံစားခဲ့ရပြီး၊ သူ၏အသက်တာတွင်အန္တရာယ်ရှိခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများထံ အောက်ပါစိတ်ထားကြောင့် ရေးခဲ့ခြင်းဖြစ်သည်။ ဤသူတို့အားရေးသော သူ၏နောက်ဆုံးစကားဖြစ်မည်ကို ပေါလုသိသည်။ ထို့ကြောင့် သူ၏အနက်ရှိုင်းဆုံးခံစားချက်ကို ထုတ်ဖော်ပြသပြီး၊ သူတို့ကို သူမည်မျှချစ်မြတ်နိုးကြောင်း၊ သူတို့၏ခင်မင်ရင်းနှီးမှုနှင့် အမှုဆောင်ခြင်းအတွက် မည်မျှကျေးဇူးတင်ကြောင်း ပြောပြခဲ့သည်။ ဘုရားသခင်ကို ချီးမြှောက်မည့်နည်းလမ်းများနှင့် ဆင်းရဲဒုက္ခများကို မည်သည့်နည်းဖြင့်ဖြေရှင်းရမည်ကို သင်ကြားပေးသည့် ဉာဏ်ပညာဆိုင်ရာ နောက်ဆုံးနှုတ်ကပတ်တော်များကိုလည်း ပေးခဲ့သည်။

ဖိလိပ္ပိယုံကြည်သူများအပေါ်ထားသော ကျယ်ပြန့်သောဤရှုထောင့်ကို မှတ်သားထားခြင်းဖြင့်၊ ဤကျမ်း၏ ပင်မကိုယ်ထည်အတွင်း အဓိကအပိုင်းသုံးပိုင်းကို ပိုင်းခြားနိုင်သည်_ ပထမ ပေါလု၏ အကျဉ်းထောင်တွင်း၌ ဖွဲလုံ့လရှိမှုအကြောင်း ဖော်ပြခြင်း ၁:၁၂-၂၆၊ ဒုတိယ ဖွဲလုံ့လရှိရန် ဖိလိပ္ပိလူတို့အား သူ၏တိုက်တွန်းခြင်း ၁:၂၇–၄:၉၊ တတိယ ဖိလိပ္ပိယုံကြည်သူတို့၏ဖွဲလုံ့လကို ပေါလုအတည်ပြုခြင်း ၄:၁၀-၂၀။ ပေါလု၏ အကျဉ်းထောင်တွင်း၌ ဖွဲလုံ့လရှိမှုနှင့်အစပြုသည့် ဤအပိုင်းတစ်ခုစီကို အနီးကပ်လေ့လာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပေါလု၏ခွဲလုံ့လ (၁း၁၂-၂၆)

ပေါလုသည် ဆင်းရဲဒုက္ခကို ငြင်းပယ်ခြင်းဖြင့် ထောင်ထဲတွင်ခွဲလုံ့လရှိခဲ့သည်မဟုတ်၊ ဆင်းရဲဒုက္ခ ခံစားခဲ့ရသည့်တိုင် ဝမ်းမြောက်ရန် အကြောင်းရင်းများကို ရှာဖွေခဲ့သည်။ ဖိလိပ္ပိယုံကြည်သူများကို သူ့အတွက်စိတ်ပူပန်ခြင်းအားရပ်တန့်ရန်တိုက်တွန်းဖို့ သူ၏ပျော်ရွှင်မှုကို အချိန်ယူရှင်းပြခဲ့သည်။ သူ့အတွက် သူတို့၏စိုးရိမ်ပူပန်မှုကို သူတန်ဖိုးထားသော်လည်း၊ သူ၏အခြေအနေနှင့်ပတ်သက်၍ သူတို့ကို အလွန်အမင်း စိတ်ပူပန်ခြင်း မလိုလားခဲ့ပေ။

ပေါလု၏ခွဲလုံ့လနှင့်ပတ်သက်၍ ဤကဏ္ဍတွင်၊ သူ၏ဒုက္ခများအလယ်တွင် တွေ့ရသည့် ဝမ်းမြောက်မှုရင်းမြစ်သုံးခုကို သူအာရုံစိုက်ခဲ့သည်_ ၁း၁၂ မှ အခန်းငယ် ၁၈ ၏ပထမအပိုင်းတွင် ပစ္စုပ္ပန် ဓမ္မအမှုတော်၏အောင်မြင်ခြင်း၊ အခန်းငယ် ၁၈ ၏ဒုတိယအပိုင်းမှ အခန်းငယ် ၂၁ တွင် အနာဂတ်ကယ်တင်ခြင်းဆိုင်ရာမျှော်လင့်ချက်၊ အခန်းငယ် ၂၂-၂၆ တွင်အနာဂတ်ဓမ္မအမှုတော်ဆိုင်ရာမျှော်မှန်းထားချက်စသည်တို့ဖြစ်သည်။ ဤကောင်းသောအရာများကို အာရုံစိုက်ခြင်းဖြင့်၊ သူ၏အခက်အခဲများကို သာ၍ခံနိုင်ရည်ရှိနိုင်ကြောင်း ပေါလုရှင်းပြခဲ့သည်။

**ပစ္စုပ္ပန်ဓမ္မအမှုတော် (၁း၁၂-၁၈က)။** ဦးစွာ၊ သူသည် အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံနေရသော်လည်း၊ သူ၏ပစ္စုပ္ပန်ဓမ္မအမှုတော် ဆက်လက်ရှင်သန်နေသဖြင့် ဝမ်းမြောက်မိကြောင်း ဖိလိပ္ပိခရစ်ယာန်များကို ပြောပြခဲ့သည်။ ဖိလိပ္ပိ ၁း၁၇-၁၈ တွင်တွေ့ရသော ပေါလု၏မှတ်တမ်းကို နားထောင်ပါ_

> ထိုသူတို့သည် ကြည်ဖြူသောစိတ်မရှိ၊ ချည်နှောင်ခြင်းကို ငါခံရသည်တွင်
> သာ၍ဆင်းရဲစေမည်ဟု အကြံရှိ၍၊ ရန်တွေ့ချင်သောစိတ်နှင့် ဟောပြောကြ၏။
> သို့ဖြစ်၍ အဘယ်သို့နည်း၊ လျှို့ဝှက်၍ဟောပြောသည်ဖြစ်စေ၊
> သစ္စာရှိ၍ဟောပြောသည်ဖြစ်စေ၊ အဘယ်သို့သောအားဖြင့်
> ဟောပြောသည်ဖြစ်စေ၊ ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။
> ထိုအကြောင်း ကြောင့် ငါသည်ယခုဝမ်းမြောက်၏။ နောင်၌လည်း
> ဝမ်းမြောက်လိမ့်မည် (ဖိလိပ္ပိ ၁း၁၇-၁၈)။

တစ်စိတ်တစ်ပိုင်းအားဖြင့်၊ တစ်ကိုယ်ကောင်းဆန်ပြီး ရည်မှန်းချက်ကြီးသော ဧဝံဂေလိတရား ဟောပြောသူများကြောင့် ပေါလုသည်ဒုက္ခရောက်ခဲ့သည်။ သို့သော် ပေါလုသည် ဤနည်းဖြင့် ဆင်းရဲဒုက္ခ ခံရသော်လည်း၊ စစ်မှန်သော ဧဝံဂေလိတရားကို သူတို့ဟောပြောသောကြောင့် ဝမ်းမြောက်ခဲ့သည်။

> မှားယွင်းသော ရည်ရွယ်ချက်များဖြင့် ပြောဆိုနေသူများအပေါ် ပေါလု၏
> ခံယူချက်နှင့် သဘောထားသည် အခြေခံအယူအဆတစ်ခုအား ဗဟိုပြုသည်_
> သူတို့ ခရစ်တော်အကြောင်းကို ဟောပြောနေကြသလော။ သူတို့သည်
> ခရစ်တော်အကြောင်းကို ရှင်းလင်းပြတ်သားစွာ ဟောပြောပါက၊
> ရည်ရွယ်ချက်များကို ဘုရားသခင်ကိုင်တွယ်ဖြေရှင်းပါစေ။ ထိုနည်းအားဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အသင်းတော်သည် တစ်သားတည်းအဖြစ် ဆက်လက်တည်ရှိနေပြီး၊ စိတ်နှလုံးအားလုံးကိုစစ်ကြောသော ဘုရားသခင်သည် ၎င်းတို့၏ နှလုံးသားများကို စစ်ကြောကာ ထိုစိုးရိမ်မှုများကို ဖြေရှင်းပေးလိမ့်မည်ဖြစ်သည်။ နောက်ဆုံးတွင်၊ မှားယွင်းသောစိတ်ထားရှိသူသည်ပင် ပြောင်းလဲပြီး ပိုမိုသစ္စာရှိလာနိုင်သည်။
>
> **— Pastor Johnson Oni**

**အနာဂတ်လွတ်မြောက်ခြင်း (၁:၁၈ခ-၂၁)။** ပေါလုသည် သူ၏ပစ္စုပ္ပန်ဓမ္မအမှုတော် ဆက်လက်ရှင်သန်နေသည်ဟူသောအချက်ကြောင့်သာ ဝမ်းမြောက်မှုရရှိခဲ့သည်မဟုတ်ဘဲ၊ အခန်းငယ် ၁၈ ၏ ဒုတိယအပိုင်းမှ အခန်းငယ် ၂၁ တွင်၊ သူ၏အနာဂတ်လွတ်မြောက်ခြင်းဆိုင်ရာမျှော်လင့်ချက်၌လည်း ဝမ်းမြောက်မှုကို တွေ့ရှိခဲ့သည်။ နောက်ဆုံးတွင် အကျဉ်းထောင်မှလွတ်မြောက်နိုင်မည်ဟု ပေါလု မျှော်လင့်ခဲ့သည်။ သို့သော် စောစောကပြောခဲ့သည့်အတိုင်း၊ ဤအချိန်အတွင်း ပေါလု၏ဆင်းရဲဒုက္ခသည် အလွန်ပြင်းထန်သောကြောင့် သူ၏သေဆုံးခြင်းသည် အမှန်တကယ်ဖြစ်နိုင်ချေရှိသည်ကို သူသိခဲ့သည်။ သို့တိုင်၊ ဘုရားသခင်၏ပံ့ပိုးမှုဖြင့်၊ လွတ်ငြိမ်းချမ်းသာခွင့်ကြောင့်ဖြစ်စေ၊ သေဆုံး၍ဖြစ်စေ သူ၏ဆင်းရဲဒုက္ခများမှ သက်သာရာရစေမည်ဟူသောအချက်သည် သူ့အားခွန်အားဖြစ်စေခဲ့သည်။ ဤရှုထောင့်ကို ဖိလိပ္ပိ ၁:၁၈-၂၁ တွင် သူဖော်ပြခဲ့သည်_

> ထိုအကြောင်းကြောင့် ငါသည်ယခုဝမ်းမြောက်၏။...အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊...ဤအကြောင်းအရာသည် ငါ့ကိုကယ်တင်သော အကြောင်းအရာဖြစ်မည်ဟု ငါသိ၏။. အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏ (ဖိလိပ္ပိ ၁း၁၈-၂၁)။

တစ်နည်းအားဖြင့်၊ သေခြင်းတရား၏ခြိမ်းခြောက်မှုသည် ခရစ်တော်နှင့် မြေကြီးပေါ်ရှိ ကိုယ်တော်၏နိုင်ငံတော်အတွက် သူ၏အမှုတော်ကို အဆုံးသတ်စေသောကြောင့် ပေါလုကို အလွန်စိတ်အနှောင့်အယှက်ဖြစ်စေသည်။ သို့သော် အခြားသဘောအရ၊ သူသည် ကောင်းကင်ဘုံခရစ်တော်ထံတော်၌ သူရရှိမည့်သေခြင်းမှလွန်မြောက်သောဝမ်းမြောက်မှုကို တွေ့မြင်ခဲ့သည်။ အသက်ရှင်ခြင်းနှင့် သေခြင်းနှစ်ရပ်စလုံးသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများယူဆောင်လာမည် ဟူသည့်အချက်ကို ခံယူခြင်းဖြင့်၊ ပေါလုသည် သူ၏ဒုက္ခများကြားတွင် ဝမ်းမြောက်မှုကို တွေ့ကြုံခံစားနိုင်ခဲ့သည်။

**အနာဂတ်ဓမ္မအမှုတော် (၁:၂၂-၂၆)။** ပေါလု၏ဝမ်းမြောက်မှုသည် သူ၏ပစ္စုပ္ပန်ဓမ္မအမှုတော် အောင်မြင်မှုနှင့် အနာဂတ်လွတ်မြောက်ရေးမျှော်လင့်ချက်၏လှုံ့ဆော်ပေးမှုကြောင့် ဖြစ်သည်။ ထိုနည်းတူ၊ ၁း၂၂-၂၆ တွင် ဖိလိပ္ပိယုံကြည်သူတို့အား အနာဂတ်တွင် သာသနာပြုနိုင်မည့်အခြေအနေကြောင့် ဝမ်းမြောက်မှုကိုတွေ့ရှိခဲ့သည်။ ဖိလိပ္ပိ ၁:၂၅-၂၆ တွင် သူ၏အားပေးမှုကို နားထောင်ပါ_

> ထိုသို့ရှိလိမ့်မည်ဟု ယုံမှားခြင်းနှင့် ကင်းလွတ်သည်ဖြစ်၍၊ သင်တို့ရှိရာသို့ ငါတဖန်ရောက်လာသောအားဖြင့်၊ သင်တို့သည် ယေရှုခရစ်ကိုအမှီပြု၍ ငါ့အတွက်ကြောင့် သာ၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိစေခြင်းငှါ၊ သင်တို့သည် ယုံကြည်ခြင်း၌ တိုးပွားဝမ်းမြောက်မည်အကြောင်း၊ ငါသည်ကိုယ်ခန္ဓာ၌နေ၍ သင်တို့ရှိသမျှနှင့် ပေါင်းဘော်ရမည်ဟု ငါသိ၏ (ဖိလိပ္ပိ ၁:၂၅-၂၆)။

ဖိလိပ္ပိယုံကြည်သူတို့သည် ပေါလုကိုချစ်မြတ်နိုးသောကြောင့်၊ သူအသက်ရှင်ရန်မျှော်လင့်နေဆဲဖြစ်ကြောင်း ကြားသိရ၍ သူတို့စိတ်သက်သာရာရကြလိမ့်မည်။ သူသည်လည်း သူတို့ကိုချစ်မြတ်နိုးပြီး၊ ဘုရားသခင်သည် သူ့ကို သူတို့နှင့်ပြန်တွေ့ခွင့်ပေးလိမ့်မည်ဟူသောအတွေးဖြင့် နှစ်သိမ့်မှုနှင့်ကျေနပ်မှုကို ယူခဲ့သည်။

ထောင်ထဲ၌သူ၏ဖွဲ့လုံ့လရှိမှုအကြောင်းဖိလိပ္ပိလူတို့ကို အားပေးပြီးနောက်၊ ဖိလိပ္ပိ ၁:၂၇–၄:၉ တွင်ဖွဲ့လုံ့လရှိရန် ဖိလိပ္ပိလူတို့ကို တိုက်တွန်းသည့် အပိုင်းရှည်ကိုလည်း ပေါလုရေးသားခဲ့သည်။

## ဖွဲ့လုံ့လအတွက် တိုက်တွန်းမှုများ

ဤတွင်၊ ပေါလုသည် ခရစ်တော်အပေါ် သစ္စာစောင့်သိရန်နှင့် စိတ်ဆင်းရဲစရာအခြေအနေများကြားတွင်ပင် စံနမူနာထားအသက်ရှင်နေထိုင်ရန် သူတို့ကို ညွှန်ကြားခဲ့သည်။ ပေါလု၏တိုက်တွန်းချက်သည် အဓိကအကြောင်းအရာလေးခုနှင့် သက်ဆိုင်သည်_ ဖွဲ့လုံ့လ၏အရေးကြီးမှု ၁:၂၇–၂:၁၈၊ အမှုတော်ဆောင်များပေးသော ဖွဲ့လုံ့လအတွက်အကူအညီ ၂:၁၉-၃၀၊ ပေါလု၏ဖွဲ့လုံ့လစံနမူနာ ၃:၁-၁၆၊ နောက်ဆုံးအနေနှင့် ဖွဲ့လုံ့လအတွက် စိန်ခေါ်မှုများနှင့်ပတ်သက်သည့် သူ၏ညွှန်ကြားချက်များ ၃:၁၇–၄:၉ စသည်တို့ဖြစ်သည်။

**ဖွဲ့လုံ့လ၏အရေးကြီးမှု (၁:၂၇–၂:၁၈)။** ဦးစွာ၊ ခရစ်ယာန်ယုံကြည်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတွင် ဖွဲ့လုံ့လ၏အရေးကြီးမှုနှင့်ပတ်သက်၍ ပေါလုပြောခဲ့သည့်အရာကို ကြည့်ကြပါစို့။ ဖိလိပ္ပိ ၁:၂၇-၂၉ တွင်၊ ပေါလုသည် ဖိလိပ္ပိလူတို့၏ရန်းကန်မှုများကို အသိအမှတ်ပြုကာ ဤနှုတ်ကပတ်တော်များဖြင့် သူတို့ကို အားပေးခဲ့သည်_

> သင်တို့သည် ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ၊ တပါးတည်းသော စိတ်ဝိညာဉ်၌ တည်၍၊ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလိုငှါ တညီတညွတ်တည်း ကြိုးစားအား ထုတ်ကြသည်အကြောင်းအရာကို… ခရစ်တော်၏ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီး ဝတ်ငယ်များကို ပြု၍သာနေကြလော့။…ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏ (ဖိလိပ္ပိ ၁:၂၇-၂၉)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖိလိပ္ပိလူတို့သည် စိတ်ပျက်စရာကောင်းပြီး နာကျင်စေသည့် ဆန့်ကျင်တိုက်ခိုက်မှုကို ရင်ဆိုင်ရသည်။ သို့သော် ဤအရာများအားလုံးသည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ ဆန့်ကျင်ဘက်အနေနှင့်၊ သူတို့၏ဆင်းရဲဒုက္ခများကို ခရစ်တော်ကိုယ်စား သူတို့အား ကောင်းချီးမင်္ဂလာပေးသည့် နည်းလမ်းအဖြစ် ဘုရားသခင်ကိုယ်တော်တိုင် ခန့်အပ်ထားသည်။ ထို့အတွက်ကြောင့်၊ ဤအခက်အခဲများကိုဖြတ်ကျော်ကာ စည်းလုံးညီညွတ်ပြီး ရဲစွမ်းသတ္တိနှင့် ဇွဲလုံ့လရှိရန် အရေးကြီးပါသည်။

> ခရစ်တော်ယေရှုကို ယုံကြည်ရန်သာမက၊ ကိုယ်တော်အတွက်ကြောင့် ဆင်းရဲခံရန် သင့်အား အပ်ထားခြင်းဖြစ်ကြောင်း ပေါလုသည် ဖိလိပ္ပိယုံကြည်သူတို့ထံ ကျမ်းရေးပြီး ပြောခဲ့သည်။ ထို့ကြောင့် ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့၏လက်ဝါးကပ်တိုင်ကို ထမ်းကာ ခရစ်တော်နောက်သို့ နေ့စဉ်လိုက်ခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းရေးသူများသည် ကျွန်ုပ်တို့၏အသက်တာတွင် စုံစမ်းမှုနှင့် ဆင်းရဲဒုက္ခများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့်ပတ်သက်၍ လက်တွေ့ကျသော အကြံပြုချက်များစွာကို ပေးပါသည်။ ခရစ်တော်နှင့် သင်၏ဆက်ဆံရေးကို ပျက်ပြယ်စေရန် သို့မဟုတ် အပေးအယူလုပ်ရန် ကြီးမားသောဖိအားများကြားတွင် ဖြတ်ကျော်ရန်၊ သစ္စာရှိရန်၊ အားပေးမှု၌ ဤအရာကို ကျွန်ုပ်တို့မြင်ရသည်။
>
> **Dr Gregory R. Perry**

အခြားသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ရှင်ပေါလုက လက်ဝါးကပ်တိုင်တွင် ခရစ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏အမျက်တော်မှ ကယ်နုတ်ရန်လုံလောက်သော်လည်း၊ ခရစ်တော်ပြန်ကြွလာချိန်အထိ ကိုယ်တော်၏ဆင်းရဲဒုက္ခသည် ပြီးဆုံးမည်မဟုတ်ကြောင်း သွန်သင်ခဲ့သည်။ ဤအတောအတွင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သော အသင်းတော်အားဖြင့် သတ်မှတ်ထားသော ဆင်းရဲဒုက္ခကို သူသည်ပြီးမြောက်စေခဲ့သည်။ ယုံကြည်သူများသည် ခရစ်တော်နှင့် တစည်းတလုံးတည်းရှိသောကြောင့်၊ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခခံရသောအခါ၊ ယေရှုသည် ခံရသည်။ ရှင်ပေါလု၏ရှုထောင့်အရ၊ ခရစ်တော်၏သတ်မှတ်ထားသော ဆင်းရဲဒုက္ခများကို ပြီးမြောက်စေခြင်းသည် ခရစ်ယာန်တိုင်းအတွက် ဂုဏ်အသရေတံဆိပ်ဖြစ်သည်။ ဖိလိပ္ပိ ၁:၂၇-၂၉ တွင် ကျွန်ုပ်တို့ဖတ်ဖူးသည့်အတိုင်း၊ ဘုရားသခင်သည် ဖိလိပ္ပိယုံကြည်သူတို့ကို ဆင်းရဲဒုက္ခခံစားစေရုံမျှမက— ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံခြင်း၏ဂုဏ်အသရေကို သူတို့အား“ခွင့်ပြု”ခဲ့သည်။ ပေါလုသည် ဤအယူအဆကို ဖိလိပ္ပိ ၂:၅-၉ တွင်ဖော်ပြထားသည်_

> ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည်...အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏ (ဖိလိပ္ပိ ၂:၅-၉)

ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်အတွက် ဆင်းရဲဒုက္ခနှင့် နှိပ်စက်ညှဥ်းပန်းမှုကို လိုလားစွာ ခံယူခဲ့ပြီး၊ ဤယဇ်ပူဇော်ခြင်းအတွက် ကိုယ်တော်၏ဆုကျေးဇူးသည် အတိုင်းမသိကြီးမားသည်။ ထိုနည်းတူ၊ ယုံကြည်သူများသည် ကမ္ဘာတစ်ဝှမ်း နိုင်ငံတော်ဆိုင်ရာ ဧဝံဂေလိတရားကို ပြန့်ပွားစေရန်အတွက်၊ ဆင်းရဲဒုက္ခနှင့် နှိပ်စက်ညှဥ်းပန်းမှုများကို နှိမ့်ချစွာခံနိုင်ရည်ရှိသင့်သည်။ ထိုသို့လုပ်ဆောင်သောအခါ၊ ကျွန်ုပ်တို့၏ဆုလာဘ်သည်လည်း ကြီးမားလိမ့်မည်။ ထို့ကြောင့် ပေါလုသည်ဖိလိပ္ပိ ၂:၁၇-၁၈ တွင် ဤနုတ်ကပတ်တော်များကို ရေးသားခဲ့သည်_

> ထိုမျှမက၊ သင်တို့၏ယုံကြည်ခြင်းကို တင်လှူပူဇော်သောယဇ်အပေါ်မှာ ငါ့ကိုလောင်းသော်လည်း ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့ရှိသမျှနှင့်အတူ ငါဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ သင်တို့သည်လည်း ဝမ်းမြောက်ကြလော့။ ငါနှင့်အတူ ဝမ်းမြောက်ခြင်းရှိကြလော့ (ဖိလိပ္ပိ ၂:၁၇-၁၈)။

ပေါလုအနေဖြင့် ဖိလိပ္ပိလူများသည် ၎င်းတို့၏ဆင်းရဲဒုက္ခများကို ခံနိုင်ရည်ရှိရုံသာမက၊ ဤဘဝနှင့် နောင်ဘဝတွင်ရရှိမည့် ကောင်းချီးမင်္ဂလာများကြောင့် ယင်း၌ ဝမ်းမြောက်ခြင်းရှိစေလိုသည်။ သူတို့၏ဆင်းရဲဒုက္ခများမှ ထွက်ပေါ်လာသော ကောင်းချီးမင်္ဂလာများ၌ သူသည်ဝမ်းမြောက်သကဲ့သို့၊ မိမိ၏ဆင်းရဲခြင်းမှ ထွက်ပေါ်လာမည့် ကောင်းချီးမင်္ဂလာများတွင်လည်း သူတို့ကိုဝမ်းမြောက်စေလိုသည်။

> ကြိမ်ဖန်များစွာ ဒုက္ခရောက်ခြင်းကို အဆိုးအဖြစ်ရှုမြင်ကြသည်။ သို့ရာတွင်၊ ခရစ်ယာန်ရှုထောင့်မှကြည့်လျှင် ဆင်းရဲဒုက္ခကို ဆုံးမခြင်းတစ်ခုအဖြစ် ရှုမြင်ကြပြီး၊ ယုံကြည်သူများကို ဘုရားသခင်၏စရိုက်လက္ခဏာအဖြစ် သာ၍ပုံသွင်းရန်နှင့် ပုံဖော်ရန် သခင်အသုံးပြုသည့် ဆုံးမခြင်းတစ်ခု ဖြစ်သည်...ရှင်ပေါလုသည် ဖိလိပ္ပိ ၃ တွင် ခရစ်တော်နှင့် ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးကို သိလိုကြောင်းရှင်းပြသောအခါ ဤအချက်ကိုကောင်းစွာပြောခဲ့သည်၊ သို့သော် သူသည် ထိုနေရာတွင် မရပ်တန့်ခဲ့ပါ။ သူ၏ဆင်းရဲဒုက္ခခံခြင်း၌ မျှဝေခြင်းမိတ်သဟာယအကြောင်းကို ပြောဆိုခဲ့သည်။ ထို့ကြောင့် ယုံကြည်သူများသည် သူ၏ဆင်းရဲဒုက္ခတွင် ခရစ်တော်နှင့် မိတ်သဟာယဖွဲ့နိုင်ပြီး၊ ရောမ ၈:၂၈ တွင်“ခေါ်တော်မူသော သူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်”ဟုပေါလုပြောခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့သည် ဘဝတွင် ဆင်းရဲဒုက္ခများကြုံတွေ့ရသကဲ့သို့ အချင်းချင်းလည်း မိတ်သဟာယဖွဲ့နိုင်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခနှင့်ခရစ်ယာန်တစ်ဦး၏အသက်တာတွင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ၾငင်း၏အကျိုးသက်ရောက်မှုနှင့်ပတ်သက်သည့် ကမ္ဘာကြီးထက်
ကွဲပြားခြားနားသောရှုထောင့်တစ်ခုရှိနိုင်သည်။

**Rev. Larry Cockrell**

ပေါလုသည် ဖိလိပ္ပိယုံကြည်သူများကို ဤဘဝတွင် ခံစားခဲ့ရသည့်အတိုင်း၊ ၎င်းတို့၏ဆင်းရဲဒုက္ခများအတွက် ဘုရားသခင်၏ဆုကျေးဇူးများကို အာရုံစိုက်ရန် အားပေးခဲ့သည်။ ဤနည်းအားဖြင့်၊ သူတို့သည် ကြီးစွာသောဖိနှိပ်မှုအောက်တွင်ပင် ယုံကြည်ခြင်းနှင့် သန့်ရှင်းသောအသက်တာ၌ တည်ကြည်ရန် ခွန်အားနှင့် ရဲစွမ်းသတ္တိရှိမည်ဖြစ်သည်။

**ဗွဲလုံ့လအတွက် အကူအညီပေးခြင်း (၂:၁၉-၃၀)။** ဖိလိပ္ပိမြို့သားများအား သူတို့ရရှိမည့် ကောင်းချီးမင်္ဂလာများကို သတိပေးခြင်းဖြင့် ဇွဲလုံ့လရှိခြင်း၏အရေးကြီးမှုကို ပေါလုအလေးပေး ဖော်ပြခဲ့သည်။ ထို့နောက် ဖိလိပ္ပိ ၂:၁၉-၃၀ တွင်၊ သူသည် သူတို့ကိုပြုစုစောင့်ရှောက်ရန် ဓမ္မဆရာများစေလွှတ်ခြင်းဖြင့် ဇွဲလုံ့လအတွက် လက်တွေ့ကျသောအကူအညီကို ပေးခဲ့သည်။

ဆင်းရဲဒုက္ခကိုကြံ့ကြံ့ခံပြီး ခံနိုင်ရည်ရှိစေမည့်ဆုလာဘ်များကို စေ့စေ့ကြည့်ရန် အရေးကြီးပါသည်။ သို့သော် ကျွန်ုပ်တို့ကိုကူညီပေးသော အခြားလူများရှိပါက ဆင်းရဲဒုက္ခခံနိုင်ရန် ပို၍လွယ်ကူကြောင်းကိုလည်း ပေါလုနားလည်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ကိုခွန်အားပေးရန် အခြားသူများကို လိုအပ်ပါသည်။ ထို့ကြောင့် ပေါလုသည် ဖိလိပ္ပိမြို့သားများအား သူတို့လိုအပ်သောအချိန်၌ သူ၏မိတ်ဆွေများကို စေလွှတ်ကြောင်း အာမခံခဲ့သည်။ ထို့ပြင် သူတို့ကိုလည်း မကြာခင် တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောခဲ့သည်။

ရှေးဦးစွာ၊ ပေါလုသည် သူ့ထံအမှုဆောင်ရန် *သူတို့* စေလွှတ်ခဲ့သောသူ ဖိလိပ္ပိလူတို့၏တမန် ဧပဖြောဒိတ်ကို စေလွှတ်ခဲ့သည်။ သူသည် ဖိလိပ္ပိသြဝါဒစာကို အမှန်တကယ်ပေးပို့သူဖြစ်ဖွယ်ရှိသည်။ ဖိလိပ္ပိ ၂:၂၅-၃၀ တွင် ကျွန်ုပ်တို့လေ့လာသိရှိထားသည့်အတိုင်း၊ ဖိလိပ္ပိရှိအသင်းတော်သည် ဧပဖြောဒိတ်ဖျားနာသောကြောင့် စိုးရိမ်နေခဲ့သည်။ သူတို့သည် အလွန်စိုးရိမ်နေသောကြောင့်၊ ဧပဖြောဒိတ်သည် သူတို့အတွက် စိုးရိမ်နေခဲ့သည်။ ထို့ကြောင့်၊ ပေါလုသည် သူတို့၏စိတ်သက်သာရာရစေမည့်အပြင် သူတို့အားအလုပ်အကျွေးပြုရန် သူ့ကို သူတို့ထံပြန်ပို့ခဲ့သည်။ ထို့နောက် ပေါလုသည် တိမောသေအား ဖိလိပ္ပိမြို့သို့စေလွှတ်ရန် စီစဉ်ခဲ့သည်။ ထိုအချိန်တွင် တိမောသေသည် ပေါလုနှင့်အတူ အကျဉ်းထောင်ထဲတွင်ရှိနေကာ ပေါလုဒုက္ခရောက်နေချိန်တွင် အမှုတော်ထမ်းဆောင်ခဲ့သည်။ သို့သော် ဖိလိပ္ပိ ၂:၁၉ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း၊ ပေါလုသည် မဝေးတော့သောအနာဂတ်တွင် ဖိလိပ္ပိယုံကြည်သူတို့ကို ကူညီရန် သူ့ကိုစေလွှတ်နိုင်မည်ဟု မျှော်လင့်ထားသည်။ နောက်ဆုံးတွင်၊ ပေါလုသည် သူကိုယ်တိုင် အကျဉ်းထောင်မှလွတ်လာပြီး ဖိလိပ္ပိမြို့သားများထံ အမှုတော်ထမ်းဆောင်ရန်လာနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ သူသည် ဖိလိပ္ပိ ၂:၂၄ တွင် ဤမျှော်လင့်ချက်ကိုဖော်ပြခဲ့ပြီး၊ အောက်ပါနုတ်ကပတ်တော်များကို ရေးသားခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုမျှမက၊ ငါ့ကိုယ်တိုင် သင်တို့ရှိရာသို့ မျှားမကြာလာမည်ဟု
> သခင်ဘုရားအားဖြင့် ယုံမှတ်စွဲလမ်းသောစိတ်ရှိ၏ (ဖိလိပ္ပိ ၂:၂၄)။

ဤနေရာတွင် ဂရိစကားလုံး*pepoitha* (*πέποιθα*)“စွဲလမ်းသော”ကို “သဘောကျသည်” ဟုလည်း ပြန်ဆိုနိုင်သည်။ ပေါလုသည် သူ၏လွတ်မြောက်မှုအတွက် မျှော်လင့်ချက်ရှိသော်လည်း၊ ဖိလိပ္ပိသြဝါဒစာ၏အခြားအပိုင်းများတွင်ဖော်ပြသည့်အတိုင်း၊ သူသည် လုံးဝသေချာခြင်းမရှိပါ။ အဖြစ်အပျက်အားလုံး၌၊ ဖိလိပ္ပိမြို့ရှိ သစ္စာရှိယုံကြည်သူများ၏ အမှုတော်ဆောင်ခြင်းသည် ဆင်းရဲဒုက္ခများအောက်တွင် ရုန်းကန်နေရသောကြောင့် ဖိလိပ္ပိအသင်းတော်အတွက် အလွန်အဖိုးတန်ကြောင်း ပေါလုသိခဲ့သည်။ ထို့ကြောင့် သူတို့ကိုကျွမ်းကျင်ပြီး မေတ္တာရှိသောဓမ္မဆရာများကို ထောက်ပံ့ပေးမည့် သူ၏အစီအစဉ်များကို အာမခံခဲ့သည်။

**ဇွဲလုံ့လ၏စံနမူနာ (၃:၁-၁၆)။** ဖိလိပ္ပိ ၃:၁-၁၆ တွင်တွေ့ရသော တိုက်တွန်းချက်၏နောက်အပိုင်းတွင်၊ ပေါလုသည် သူ၏စိတ်သဘောထားနှင့် အပြုအမူနှင့်စပ်လျဉ်း၍ ဆင်းရဲဒုက္ခကိုခံနိုင်ရည်ရှိခြင်း၏ အပြုသဘောဆောင်သော ဇွဲလုံ့လစံနမူနာတစ်ခုအဖြစ် မိမိကိုယ်ကိုတင်ပြခဲ့သည်။ ပေါလုသည် ခရစ်တော်ကို ယုံကြည်လာသောအခါ၊ သူသည် ဘုရားသခင်၏မျက်နှာသာရရှိရန် မြေကြီးဆိုင်ရာစံနှုန်းများကို အမှီမပြုတော့ဘဲ၊ ထိုအစား ခရစ်တော်ကိုသာ အားကိုးလာသည်ဟု ရှင်းပြခဲ့သည်။ သို့သော် ၎င်းသည် ယုဒလူမျိုးအသိုက်အဝန်း၏ မြေကြီးစံနှုန်းများနှင့် မတိုင်းတာသောကြောင့် မဟုတ်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ သူတို့၏မြေကြီးဆိုင်ရာစံနှုန်းများအားဖြင့် ပေါလုသည် ဘုရားသခင့်မျက်နှာသာရဆုံးလူများထဲမှ တစ်ဦးဖြစ်သည်။ ဖိလိပ္ပိ ၃:၄-၆ တွင် သူ၏အထောက်အထားများအကြောင်း ပေါလု၏ဖော်ပြချက်ကို နားထောင်ပါ_

> သို့သော်လည်း ငါဖြစ်လျှင် ဇာတိ၌ကိုးစားစရာအကြောင်းရှိ၏။ အခြားသူ
> မည်သည်ကား၊ ဇာတိ၌ကိုးစားစရာ အကြောင်းရှိသည်ဟု ထင်လျှင်၊ ငါမူကား
> သာ၍ရှိ၏။ ငါသည်ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကိုခံရ၏။
> ဣသရေလအမျိုး၊ ဗယ်္ယာမိန်အနွယ် ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သော
> ဟေဗြဲလူစစ်ဖြစ်၏။ တရားအားဖြင့် ဖာရိရှဲဖြစ်၏။ စိတ်အားကြီးခြင်းကို
> မေးသော်၊ ငါသည် အသင်းတော်ကို ညှဉ်းဆဲသောသူဖြစ်၏။
> ပညတ်တရားအားဖြင့်ရသော ဖြောင့်မတ်ခြင်းကိုမေးပြန်သော်၊ ငါသည်
> အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်၏ (ဖိ ၃း၄-၆)။

အကယ်၍ ပညတ်တရားကို စောင့်ထိန်းခြင်းဖြင့် လူသားတို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ရရှိမည်ဆိုလျှင်၊ ထိုသူသည် ပေါလုဖြစ်သည်။ သို့သော် အဆိုပါကိစ္စ၏အမှန်တရားမှာ ကျရှုံးသွားသောလူသားသည် ကယ်တင်ခြင်းနှင့် ထာဝရအသက်အတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ထိုက်တန်စွာ ခံစားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်၊ ပေါလုသည် သူ၏မြေကြီးဆိုင်ရာအရည်အချင်းများကို အားကိုးရန်ငြင်းဆိုခဲ့ပြီး၊ ဘုရားသခင်က သူ့အား ယုံကြည်ခြင်းဖြင့် ချီးမြှောက်ခဲ့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သော ခရစ်တော်၏ထိုက်တန်ခြင်းအပေါ်သာ အားကိုးခဲ့သည်။ တစ်ချိန်တည်းမှာပင်၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို အာမခံရန် ယုံကြည်ယောင်ဆောင်ရုံမျှဖြင့် မလုံလောက်ကြောင်းကိုလည်း သူရှင်းလင်းစွာ ပြောကြားခဲ့သည်။ ဆန့်ကျင်ဘက်အနေနှင့်၊ ခရစ်တော်ကိုယုံကြည်သည်ဟု ဆိုသူတိုင်းသည်လည်း ထာဝရအသက်ရရန် ယုံကြည်ခြင်း၌တည်မြဲနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ထိန်းသိမ်းရမည်ဖြစ်ပြီး၊ သန့်ရှင်းသောအသက်တာတွင် အသက်ရှင်ရမည် သို့မဟုတ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မှားယွင်းကြောင်းသက်သေပြခြင်း ဖြစ်သည်။ ထို့ကြောင့်၊ ဖိလိပ္ပိ ၃:၁၂-၁၆ တွင်၊ သူသည် ခရစ်တော်၌ ကယ်တင်ခြင်းအကြောင်း ဤအသုံးအနှုန်းများဖြင့် ဖွဲလုံ့လကို အလွန်အလေးပေး ဖော်ပြခဲ့သည်_

> ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ ရောက်ရပြီဟု ငါမဆိုလို၊ အကြင်အကျိုးကိုပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို ကိုင်ဘမ်းတော်မူ၏။...ယေရှုခရစ်အားဖြင့်ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကိုရခြင်းငှါ၊ ပန်းတိုးတိုင်သို့ ငါလိုက်ပြေး၏။...သို့မဟုတ်သော်လည်း၊ ယခုမှီသမျှအတိုင်း တနည်းတည်းကျင့်၍ တသဘောတည်းရှိရကြမည် (ဖိ ၃း၁၂-၁၆)။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ဘဝ၏တစ်ချိန်ချိန်တွင် ခရစ်တော်ကို ယုံကြည်ယောင်ဆောင်ခြင်းသည် မလုံလောက်ပါ။ သစ္စာတည်ကြည်ခြင်းဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သက်သေပြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ခရစ်တော်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အဆုံးတိုင်အောင်ဖွဲမလျှော့ဘဲ မတည်မြဲလျှင်၊ တည်ကြည်သောအသက်တာဖြင့် ဘုရားသခင်၌ မတည်လျှင်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မှားယွင်းကြောင်းသက်သေပြနေသည်။

> ဖိလိပ္ပိ ၃:၁၂ သည် လူများစွာ အလွတ်ကျက်မှတ်ထားသော ကျမ်းချက်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် မပြည့်စုံကြောင်းကိုပြသရန် အကြိမ်ပေါင်းများစွာ အသုံးပြုတတ်ပါသည်။ ဟုတ်သည်မဟုတ်ပါလား။ ဥပမာအားဖြင့်၊ "အကျိုးကို ခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို"—သို့မဟုတ် ငါ၏ပန်းတိုင်သို့ ရောက်နေပြီဟု ဆိုသည်။ ထို့ပြင် "ငါပြေး၍လိုက်သေး၏။"ဟု ပြောပြီး၊ ထိုနေရာတွင်ပေါ်လာသည့် ပုံရိပ်အမျိုးအစားနှင့် တွန်းအားပေးသည့် ပုံသဏ္ဌာန်လည်း တွေ့ရသည်။ သို့သော် ဝမ်းနည်းဖွယ်မှာ၊ ကျွန်ုပ်တို့သည် ထိုကျမ်းပိုဒ်ကို အလွတ်ကျက်သောအခါ သို့မဟုတ် အသုံးပြုသောအခါ၊ အချိန်အများစု၌ ၎င်း၏အဓိပ္ပါယ်နှင့် လွဲချော်နေပါသည်။ သင့်အားကျွန်ုပ် ပြောပြမည်၊ ၎င်း၏အဓိပ္ပါယ်ကို အချိန်အများစု ကျွန်ုပ်လွဲနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ "စုံလင်ခြင်းသို့ ရောက်ရပြီဟု ငါမဆိုလို"ဟုဆိုသည်။ ကောင်းပြီ၊ "စုံလင်ခြင်း"သည် မည်သည့်အရာကို ရည်ညွှန်းသနည်း။ စုံလင်ခြင်းသည် အဘယ်သို့နည်း။ စုံလင်ခြင်းသည် မည်သည့်အရာနည်း။

> ထို့ကြောင့် ကျမ်းပိုဒ်တစ်ပိုဒ်တည်းကို ကြည့်မည်ဆိုလျှင် "စုံလင်ခြင်း" ဟူသည်မှာ— "သေခြင်းမှ ထမြောက်သောအခွင့်ကို ငါရနိုင် ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်းအသေခံ၍ ထိုသခင်ကိုငှင်း၊ ထမြောက်တော်မူခြင်း၏ တန်ဖိုးကိုငှင်း၊ ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍ခံခြင်းကိုငှင်း၊ သိကျွမ်းခြင်းငှါ"... ခရစ်ယာန်များသည် အဘယ်ကြောင့် ဖွဲ့လုံ့လရှိသင့်သနည်း။ သူတို့ အဘယ်ကြောင့် ရှေ့ဆက်သွားသင့်သနည်း။ အကြောင်းမှာ သင့်ဘဝတွင် မည်သည့်အရာများ ဖြစ်ပျက်နေပါစေ၊ ရှင်ပြန်ထမြောက်ခြင်း ရောက်ရှိလာမည်ဖြစ်ပြီး၊ မှားယွင်းသောအရာအားလုံးကို ဘုရားသခင်သည် မှန်ကန်စွာ သတ်မှတ်ပေးမည့်အချိန်ဖြစ်သောကြောင့် ဖြစ်သည်။
>
> **Dr Andy Miller III**

**ဖွဲ့လုံ့လအတွက် စိန်ခေါ်မှုများ (၃:၁၇–၄:၉)။** ပေါလု၏နောက်ဆုံးတိုက်တွန်းချက်သည် ဖိလိပ္ပိ ၃:၁၇–၄:၉ တွင်ဖော်ပြထားသော ဖွဲ့လုံ့လအတွက်စိန်ခေါ်မှုများနှင့်သက်ဆိုင်သည်။ ဤတိုက်တွန်းချက်များသည် သူ၏ဖွဲ့လုံ့လစံနမူနာကို အဓိကကျင့်သုံးခြင်းဖြစ်သည်။ ပေါလုသည် ဖိလိပ္ပိမြို့သားများအား ဆရာအတုအယောင်များ၊ အသင်းတော်အတွင်းပဋိပက္ခများ၊ ဘုရားသခင်အပေါ် သူတို့၏သစ္စာစောင့်သိမှုတွင် ၎င်းတို့ကို နှောင့်ယှက်စေသော ပုဂ္ဂိုလ်ရေးဆိုင်ရာအခက်အခဲများကို ခွင့်မပြုရန် အားပေးတိုက်တွန်းခဲ့သည်။ သူသည် ဖိလိပ္ပိအသင်းတော်ကိုလွှမ်းမိုးသွားနိုင်သည့် မှားယွင်းသောသွန်သင်ခြင်းနည်းလမ်းများကို အာရုံစိုက်ခြင်းဖြင့် စတင်ခဲ့သည်။ ပေါလုသည်ဤပြင်းထန်သောရှုတ်ချခြင်းကိုရေးသားခဲ့သည့် ဖိလိပ္ပိ ၃:၁၈-၁၉ ကိုနားထောင်ပါ _

> ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြု၍ ကျင့်သောသူအများရှိကြ၏။ ထိုသူတို့သည် ပျက်စီးခြင်း၌ လမ်းဆုံးတတ်ကြ၏။ သူတို့၏ ဘုရားမူကား၊ မိမိတို့ဝမ်းပေတည်း။ မိမိတို့ ရှက်ကြောက်ဘွယ်သော အကျင့်၌သာ မိမိတို့ ဝါကြွားကြ၏။ လောကီအရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြ၏ (ဖိ ၃:၁၈-၁၉)။

ဤ "ခရစ်တော်၏လက်ဝါးကပ်တိုင်၏ရန်ဘက်ပြုသူများ"သည် စစ်မှန်သောယုံကြည်သူများ မဟုတ်သည်မှာ ရှင်းနေပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ သူတို့သည် အသင်းတော်ကို ထိခိုက်နစ်နာစေမည့် အနေအထားတွင် ရှိနေခဲ့သည်။ သူတို့သည် ခံနိုင်ရည်ရှိရန် လိုအပ်ကြောင်း ဖြားယောင်းသွေးဆောင် ပြောဆိုကြပေမည်။ သို့မဟုတ် ၎င်းတို့သည် တစ်နည်းတစ်ဖုံ ဩဇာညောင်းခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ၊ စစ်မှန်သောယုံကြည်သူများသည် ခရစ်တော်၏ရန်သူများ၏ မှားယွင်းသောသွန်သင်ချက်များကို ငြင်းပယ်ကာ၊ စင်ကြယ်သောခရစ်ယာန်ယုံကြည်ခြင်းနှင့် ကျင့်ကြံခြင်းတွင် ဖွဲ့ရှိရမည်ဟု ပေါလုသည် အခိုင်အမာဆိုခဲ့သည်။ ဒုက္ခဆင်းရဲကို ရှောင်ရှားလိုသောဆန္ဒသည် ဧဝံဂေလိတရားမှ လှည့်ထွက်ခြင်းသို့ မည်သည့်အခါမျှ မဖြစ်သင့်ပါ။ **သို့သော်** ရှင်ပေါလုက အသင်းတော်အတွင်းရှိ ယုံကြည်သူများပင် ၎င်းတို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်သူချင်းများ၏ ဇွဲလုံ့လအတွက် စိန်ခေါ်မှုများကို တင်ပြနိုင်သည်ဟုလည်း သတိပေးခဲ့သည်။ ဉပမာတစ်ခုအနေဖြင့်၊ ဧဝေါဒိနှင့် သုန္တုတ်အကြား ပြဿနာကိုဖော်ပြခဲ့သည်။ ဖေက် ၄:၁-၃ တွင် ပေါလုသည် ဤနုတ်ကပတ်တော်များကို ရေးသားခဲ့သည်_

> သခင်ဘုရား၌ တည်နေကြလော့၊ ငါ့ချစ်သူတို့။ ဧဝေါဒိနှင့်သုန္တုတ်တို့သည် သခင်ဘုရား၌ သဘောတညီတညွတ်တည်း ဖြစ်ရကြမည်အကြောင်းကို ငါတောင်းပန်သွေးဆောင်ပါ၏။...ဧဝံဂေလိတရားကို ဟောပြောသောအမှု၌ ကူညီ၍ ကြိုးစားအားထုတ်သော မိန်းမတို့ကို မစထောက်ပံ့ပါလော့ (ဖိလိပ္ပိ ၄:၁-၃)။

ဧဝေါဒိနှင့်သုန္တုတ်တို့သည် အချင်းချင်း ပဋိပက္ခများဖြစ်ခြင်းဖြင့် သန့်ရှင်းသောအသက်တာတွင် ခိုင်မာစွာရပ်တည်ရန် ပျက်ကွက်ခဲ့ကြသည်။ ထိုအမျိုးသမီးများသည် ပေါလုနှင့် နီးကပ်စွာအမှုဆောင်ခဲ့သောကြောင့်၊ သူတို့၏ပဋိပက္ခသည် ဖိလိပ္ပိမြို့ရှိအခြားယုံကြည်သူများ၏ဇွဲလုံ့လကို ခြိမ်းခြောက်ခဲ့သည်။ ထို့အပြင်၊ ပေါလုသည် ဖိလိပ္ပိလူတို့အား မိမိတို့၏ဇွဲလုံ့လကို အဟန့်အတားဖြစ်စေမည့် တစ်ဦးချင်း ရင်ဆိုင်နေရသော အခက်အခဲများကို ခွင့်မပြုရန် တိုက်တွန်းခဲ့သည်။ ဝမ်းမြောက်ဖွယ်သောရှုထောင့်ကို လက်ခံရန်နှင့် သူတို့ကို စိတ်ပျက်အားလျော့စေမည့် စိုးရိမ်ပူပန်မှုကို ခွင့်မပြုရန်အားပေးခဲ့သည်။ သူ၏ အကြံအစည်များကို ဖိလိပ္ပိ ၄:၄-၇ တွင် ကောင်းစွာကိုယ်စားပြုထားသည်_

> သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။... အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ...သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည် (ဖိလိပ္ပိ ၄:၄-၇)။

ပေါလုသည် စိုးရိမ်ခြင်းနှင့် ပူပင်သောကတွင် နစ်မြုပ်နေမည့်အစား၊ ပေါလုသည် ဖိလိပ္ပိလူတို့အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဘုရားသခင်ထံ တောင်းဆိုရန် တိုက်တွန်းခဲ့သည်။ အချို့သောကိစ္စများတွင်၊ ဘုရားသခင်သည် ခက်ခဲသောအခြေအနေများကိုဖယ်ရှားခြင်းဖြင့် တုံ့ပြန်နိုင်ကြောင်း ပေါလုသိသည်။ သို့သော် ဘုရားသခင်သည် ထိုသို့မပြုရန် ရွေးချယ်သောအခါ၌ပင်၊ ပေါလုသည် ဘုရားသခင်၏ငြိမ်သက်ခြင်းသည် "ယေရှုခရစ်အားဖြင့် [သူတို့၏] စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" ဟုသိခဲ့သည်။ သူတို့၏သဘောထားနှင့် အမြင်များကို ပြောင်းလဲခြင်းဖြင့်၊ ဘုရားသခင်အပေါ် ၎င်းတို့၏သစ္စာရှိမှုကို ခိုင်မာစေကြသည်။

ဖိလိပ္ပိဩဝါဒစာ၏ကိုယ်ထည်၌၊ သူသည် မိမိ၏ဇွဲလုံ့လကို ဖော်ပြခဲ့ပြီး ဖိလိပ္ပိမြို့သားများကိုလည်း ဇွဲလုံ့လရှိရန် တိုက်တွန်းခဲ့သည်။ ထို့နောက်၊ သစ္စာရှိခရစ်ယာန်အသက်တာ၌၊ အထူးသဖြင့် သူ့အား ဆက်လက်ကူညီမစခြင်းအားဖြင့် ဖိလိပ္ပိလူများ၏ဇွဲလုံ့လကို အတည်ပြုခြင်းဖြင့် ကျမ်း၏ကိုယ်ထည်ကို ၄း၁၀-၂၀ တွင်အဆုံးသတ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ခွဲလုံ့လ ကတိသစ္စာ (၄း၁၀-၂၀)၊

ဤကဏ္ဍတွင်၊ အကျဉ်းထောင်၌ သူ၏ဆင်းရဲဒုက္ခခံခြင်းကို သက်သာစေရန် ပေးပို့ခဲ့သော ငွေအတွက် ဖိလိပ္ပိလူများအား ကျေးဇူးတင်ကြောင်း ပေါလုပြောကြားခဲ့သည်။ သူ၏ကျေးဇူးတင်လွှာသည် ငွေလက်ခံရရှိကြောင်းနှင့် ၎င်းသည် သူ၏အခြေအနေများကို တိုးတက်ကောင်းမွန်လာစေရန် ကူညီပေးခဲ့ကြောင်း သူတို့ကို အာမခံခဲ့သည်။ သို့သော် ပေါလုအတွက် အမြတ်ဆုံးသောငွေသည် စိတ်ခံစားမှုဖြစ်ပုံရသည်။ ဖိလိပ္ပိ ၄း၁၂-၁၄ တွင် သူ၏နုတ်ကပတ်တော်များကို နားထောင်ပါ_

> ရှုတ်ချခြင်းကိုင်၊ ကြွယ်ဝခြင်းကိုင်၊ ခံတတ်၏။ ဝစ္စာစားခြင်း၊ မွတ်သိပ်ခြင်း၊ စည်းစိမ်ရှိခြင်း၊ ဆင်းရဲခြင်းတို့ကို ခံရအံ့သောငှါ၊ အရပ်ရပ်တို့တွင် အရာရာ၌ သင်မိပြီ။... သို့သော်လည်း ဆင်းရဲဒုက္ခကိုငါခံရစဉ်အခါ၊ သင်တို့သည် ငါနှင့်ဆက်ဆံသောအားဖြင့် ကောင်းမွန်စွာပြုကြပြီ (ဖိလိပ္ပိ ၄:၁၂-၁၄)။

ဤရန်ပုံငွေများ၏ အကြီးမားဆုံးတန်ဖိုးမှာ ပေါလု၏စိတ်နှလုံးကို ထိမိခဲ့ပုံဖြစ်သည်။ ဖိလိပ္ပိမြို့ရှိ ဆင်းရဲနွမ်းပါးသောခရစ်ယာန်များသည် သူ့ကိုယ်စား သူတို့၏ပူဇော်သက္ကာအားဖြင့် ပေါလုကို အမှန်တကယ်ချစ်မြတ်နိုးကြောင်း ပြသခဲ့သည်။

ဖိလိပ္ပိယုံကြည်သူများသည် ပေါလုကို ပိုကောင်းမွန်သည့်အချိန်၌ သူတို့၏ချစ်ခြင်းမေတ္တာကို မပြနိုင်ခဲ့ကြပေ။ ပေါလု၏ ထောင်တွင်းအကျဉ်းချခံရမှုသည် သူ့အပေါ်ကြီးမားစွာ သက်ရောက်စေခဲ့သည်။ သူသည် ပြင်းထန်စွာခံစားရပြီး စိတ်ပျက်အားငယ်လုနီး ဖြစ်နေသည်။ လူများစွာသည် သူ့ကိုချစ်မြတ်နိုးပြီး သူ၏ဆင်းရဲဒုက္ခများကို မျှဝေခံစားလိုကြောင်းသိရခြင်းသည် သူ့အတွက် မည်မျှနှစ်သိမ့်မှုဖြစ်မည်ကို စိတ်ကူးကြည့်ပါ။ ဖိလိပ္ပိလူတို့၏ စိုးရိမ်ပူပန်မှုက သူ၏မျှော်လင့်ချက်ကို ပြန်လည်ရရှိစေခဲ့ခြင်းလောဟု ကျွန်ုပ်တို့တွေးနိုင်ပါသည်။ သူတို့၏ချစ်ခြင်းမေတ္တာသည် သူ၏ဆိုးရွားသောအခြေအနေများကြားတွင် ပျော်ရွှင်ရန် သူ၏ဆုံးဖြတ်ချက်ကို လှုံ့ဆော်ပေးခဲ့သလော။ သူတို့၏ခင်မင်ရင်းနှီးမှုသည် ပေါလုကို မမေ့လျော့ကြောင်း၊ သူသည်တစ်ယောက်တည်းမဟုတ်ကြောင်း သတိရစေသလော။ တစ်ခုတော့ သေချာသည်_ ပေါလုသည် ဖိလိပ္ပိမြို့သားများကို စိတ်နှလုံးအကြွင်းမဲ့ချစ်မြတ်နိုးခဲ့သည်။ ထို့ကြောင့် သူတို့၏လက်ဆောင်သည် သူ့ကို လေးနက်စွာအားပေးရုံမှလွဲ၍ မည်သည့်အရာမှ မလုပ်ဆောင်နိုင်ခဲ့ပါ။

## နောက်ဆုံးနှုတ်ဆက်ခြင်း (၄:၂၁-၂၃)

နောက်ဆုံးအနေနှင့်၊ ဖိလိပ္ပိ ၄:၂၁-၂၃ တွင်ပေါလု၏နောက်ဆုံးနှုတ်ခွန်းဆက်စကားနှင့်အတူ ဤကျမ်းကို အဆုံးသတ်ထားပါသည်။ ဤနောက်ဆုံးနှုတ်ခွန်းဆက်စကား၏ ရှုထောင့်တစ်ခုသည် အလွန်အံ့ဩဖွယ်ကောင်းသော်လည်း ၎င်းသည်စံနှုန်းဖြစ်ပြီး၊ အထူးဂရုပြုထိုက်သည်။ ဖိလိပ္ပိ ၄:၂၂ တွင်၊ ပေါလုသည် ကဲသာဘုရင်၏နန်းတော်၌နေသော သန့်ရှင်းသူထံမှ ဖိလိပ္ပိအသင်းတော်ထံ နှုတ်ခွန်းဆက်စကား ပေးပို့ခဲ့သည်။ တစ်နည်းဆိုရသော်၊ ပေါလုသည် ရောမအင်ပါယာတစ်ခုလုံး၏ ဧကရာဇ်မင်းနန်းတော်မှ နှုတ်ခွန်းဆက်စကား ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယခုတွင်၊ "ကဲသာဘုရင်၏နန်းတော်" ဟူသော အသုံးအနှုန်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည် နန်းတော်တွင်နေထိုင်သည်ဖြစ်စေ မနေထိုင်သည်ဖြစ်စေ၊ ကဲသာ၏မိသားစုဝင်များနှင့် ကျွန်များကို သတိမှတ်ကြောင်းသိရန် အရေးကြီးပါသည်။ သူ၏ကျွန်များသည် အလုပ်သမားများသာ မဟုတ်ပါ။ ၎င်းတို့တွင် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အစောင့်များအပြင် အစိုးရဝန်ထမ်း အများအပြားလည်း ပါဝင်သည်။

အမှန်ပင်၊ ကဲသာဘုရင်၏အိမ်သူအိမ်သားအကြောင်း ဖော်ပြခြင်းက ပေါလုသည် ကဲသရိမာရိတိမာမြို့တွင် အကျဉ်းချခံစဉ်ထက်စာ၍၊ ရောမမြို့၌အကျဉ်းချခံရစဉ်တွင် ဖိလိပ္ပိသြဝါဒစာကိုရေးခဲ့သည်ဟု အနက်ပြန်သူများစွာကိုကောက်ချက်ချစေခဲ့သည်။ သို့သော်၊ ကဲသာဘုရင်သည် ရောမတွင် အမှန်တကယ်နေထိုင်ပြီး မိသားစုတစ်ခုကို အုပ်ချုပ်ခဲ့သည်မှာ မှန်သော်လည်း၊ ကျွန်ုပ်တို့သည် အလျင်အမြန်ကောက်ချက်မချသင့်ပါ။ အမှန်တကယ်တွင်၊ အင်ပါယာတစ်လျှောက်ရှိ ကဲသာဘုရင်၏အရပ်ဘက်အမှုထမ်းများနှင့် အစောင့်အကြပ်အားလုံး၊ **ကဲသရိမာရိတိမာမြို့**တွင် တပ်စွဲထားသူများအပါအဝင်ကို “ကဲသာဘုရင်၏အိမ်သူအိမ်သား” ဟုခေါ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ကဲသာဘုရင်၏အိမ်သူအိမ်သားများကို ယုံကြည်သူများ သို့မဟုတ် သန့်ရှင်းသူများဟုဖော်ပြခြင်းသည် သိမ်မွေ့သော်လည်း၊ ပေါလုအတွက် ဤကျမ်းကိုနိဂုံးချုပ်ရန် အပြုသဘောဆောင်ပြီး အားတက်စရာနည်းလမ်းဖြစ်သည်။ ပေါလု၏အကျဉ်းချခံရခြင်းသည် သူ့အပေါ် ထိခိုက်စေခဲ့သော်လည်း၊ ဧဝံဂေလိတရားပြန့်ပွားမှုကို အတားအဆီးမရှိခဲ့ပေ။ ဆန့်ကျင်ဘက်အနေနှင့်၊ ဘုရားသခင်သည် ပေါလုအား တစ်ပါးအမျိုးသားများထံရောက်ရှိရန် ခေါ်တော်မူပြီး၊ သူ၏အမှုတော်သည် သူတို့တွင် အလွန်အကျိုးဖြစ်ထွန်းခဲ့သည်။ ပေါလုသည် အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံစဉ်တွင်ပင် အရာရှိများ၊ အကျဉ်းသားများနှင့် ကဲသာဘုရင်၏အိမ်သူအိမ်သားအားကိုယ်စားပြုသူများကိုပင်လျှင် ဧဝံဂေလိတရားကို သစ္စာရှိစွာ ဟောပြောခဲ့သည်။ သူသည် ထိုသူအပေါင်းတို့ကို ခရစ်တော်၏တပည့်တော် ဖြစ်စေခဲ့သည်။

ဖိလိပ္ပိသြဝါဒစာကို လေ့လာသောအခါ၊ သူတို့အပေါ်ထားသော သူ၏ချစ်ခြင်းမေတ္တာသည် ငြင်းမရနိုင်ပါ။ သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ နှုတ်ခွန်းဆက်ခြင်း ၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် သူတို့အတွက်ဆုတောင်းခြင်းတွင် ၎င်းကို ကျွန်ုပ်တို့တွေ့နိုင်သည်။ ထို့အပြင်၊ သူသည် အကျဉ်းချခံနေရစဉ်အတွင်း၌ပင်၊ ဖိလိပ္ပိလူများအား ဘုရားသခင်အား ဘုန်းအသရေနှင့် ချီးမွမ်းစေမည့် နည်းလမ်းများတွင် ဖွံ့လုံ့လရှိရန် တိုက်တွန်းခဲ့သည်ကို တွေ့မြင်ရသည်။

ဖိလိပ္ပိသြဝါဒစာ၏နောက်ခံသမိုင်းကို လေ့လာခြင်းအပြင်၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာများကိုလေ့လာပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ဤကျမ်းတွင်တွေ့ရသော ပေါလု၏သွန်သင်ချက်များဆိုင်ရာ မျက်မှောက်ခေတ်ကျင့်သုံးခြင်းကို ထည့်သွင်းစဉ်းစားရန် အနေအထားတွင်ရှိနေပြီဖြစ်သည်။

# မျက်မှောက်ခေတ်ကျင့်သုံးမှု

ဖိလိပ္ပိသြဝါဒစာကဲ့သို့သော ကြွယ်ဝသောသမ္မာကျမ်းစာများကို ကျွန်ုပ်တို့၏မျက်မှောက်ခေတ်ဘဝတွင် မရေမတွက်နိုင်သောနည်းလမ်းများဖြင့် ကျင့်သုံးနိုင်သည်။ သို့သော် ဤသင်ခန်းစာတွင်၊ ပေါလု



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည် ဖိလိပ္ပိယုံကြည်သူများအား မြေကြီးပေါ် ရှိ သူ၏နောက်ဆုံးသောနေ့ရက်များကို ရင်ဆိုင်ရစဉ်တွင် မည်သို့အားပေးရန် ကြိုးပမ်းခဲ့သည်ကို ကျွန်ုပ်တို့အာရုံစိုက်ထားပါသည်။ ဤရှုထောင့်အရ၊ အကြောင်း အရာတစ်ခုသည် ရှေ့သို့ ရောက်လာပါသည်။ ဤကျမ်းတလျှောက်လုံးတွင်၊ ပေါလုသည် ဖိလိပ္ပိလူတို့ အား ခက်ခဲသောအချိန်ကာလအတွင်း ဗွဲလုံ့လနှင့်ဘုရားသခင်ရှေ့တော်၌ သစ္စာရှိစွာ ဆက်လက်လျှောက် လှမ်းရန် တိုက်တွန်းခဲ့သည်။ ယနေ့ ကျွန်ုပ်တို့အတွက် ဖိလိပ္ပိလူတို့၏ဆိုလိုရင်းကို သုံးသပ်သည့်အခါ၊ ပေါလု၏ကျမ်း၏ဤရှုထောင့်ကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

ခရစ်ယာန်အသက်တာတွင် မျက်မှောက်ခေတ်ကျင့်သုံးခြင်းအတွက် ပေါလု၏ဩဝါဒစာသည် ဖိလိပ္ပိမြို့သားများထံ သက်ရောက်မှုရှိခြင်းအကြောင်း တွေးတောသည့်အခါ၊ ခရစ်ယာန်ဇွဲလုံ့လ၏ ရှုထောင့်သုံးရပ်ကို ကျွန်ုပ်တို့ ဖော်ပြပါမည်။ ပထမဦးစွာ ဇွဲလုံ့လ၏သဘောသဘာဝကို ဖော်ပြပါမည်။ ဒုတိယ၊ ဇွဲလုံ့လ၏စိတ်သဘောထားကို ဖော်ပြပါမည်။ တတိယ၊ အသင်းတော်၏ ဇွဲလုံ့လဆိုင်ရာဓမ္မ အမှုတော်ကို ဆွေးနွေးပါမည်။ ဇွဲလုံ့လ၏သဘောသဘာဝကို ဦးစွာကြည့်ကြပါစို့။

# ဇွဲလုံ့လ၏သဘောသဘာဝ

ဖိလိပ္ပိဩဝါဒစာတွင်၊ ဇွဲလုံ့လနှင့်ပတ်သက်သော ပေါလု၏သွန်သင်ချက်ကို အဓိကအချက်သုံး ချက်ဖြင့် အလွယ်ဆုံးနားလည်နိုင်သည်_ ခရစ်ယာန်ဇွဲလုံ့လ၏အဓိပ္ပါယ်၊ ဇွဲလုံ့လ၏လိုအပ်မှု၊ ဇွဲလုံ့လ၏ အာမခံချက်တို့ဖြစ်သည်။ ထို့ကြောင့်၊ ပေါလု၏ ဇွဲလုံ့လဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ခြင်းဖြင့် စတင်ကြပါစို့။

## အဓိပ္ပါယ်ဖွင့်ဆိုချက်

ပေါလုသည် စစ်မှန်သောယုံကြည်ခြင်းနှင့် ဖြောင့်မတ်စွာအသက်ရှင်ခြင်းဆိုင်ရာ အယူအဆနှစ်ခု ကို ခရစ်ယာန်ဇွဲလုံ့လတွင် ခံယူခဲ့သည်။ တစ်ဖက်တွင်၊ ခရစ်ယာန်ဇွဲလုံ့လသည် ခရစ်တော်၏ဧဝံဂေလိ တရားကို ယုံကြည်ခြင်းဖြစ်ပြီး၊ ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်တည်ကြည်မှုအတွက် ခရစ်တော်၏ ထိုက်တန်ခြင်းတစ်ခုတည်းကို အားကိုးခြင်းဖြစ်သည်ဟု ပေါလုသွန်သင်ခဲ့သည်။ ဖိလိပ္ပိ ၁:၂၇ တွင် ပေါလု သည် ဖိလိပ္ပိယုံကြည်သူတို့ကို ဤနှုတ်ကပတ်တော်များဖြင့် အားပေးသောအခါ၊ ဤအယူအဆကို အလေးပေးဖော်ပြခဲ့သည်_

> သင်တို့သည် ရန်သူများကြောင့် အလျှင်း မကြောက်ရွံ့မတုန်လှုပ်ဘဲ၊
> တပါးတည်းသော စိတ်ဝိညာဉ်၌ တည်၍၊ ဧဝံဂေလိတရားနှင့်ဆိုင်သော
> ယုံကြည်ခြင်းအဘို့အလိုငှါ တညီတညွတ်တည်း ကြိုးစားအား ထုတ်ကြသည်
> အကြောင်းအရာကို၊ (ဖိလိပ္ပိ ၁:၂၇)။

ယုံကြည်သူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားအပေါ် ကျွန်ုပ်တို့၏ကတိကဝတ်၌ တည်ကြည်နေရပါမည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ခရစ်တော်၏အောင်နိုင်ခြင်းကြောင့်ဖြစ်သည်

ဟူသော ကျွန်ုပ်တို့၏ယုံကြည်ချက်ကို မည်သည့်အခါမှ မလျှော့သင့်ပါ။ ဤသည်မှာ ခရစ်ယာန်ယုံကြည်ခြင်း၌ ဖွဲ့လုံလရှိခြင်း၏ အရေးကြီးသောအချက်ဖြစ်သည်။ ခရစ်တော်၏ဧဝံဂေလိတရားအပေါ် စစ်မှန်သောယုံကြည်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ဖော်ပြနိုင်သော်လည်း၊ ဖိလိပ္ပိ ၃:၈-၉ တွင် ပေါလုသည် ခရစ်ယာန်ယုံကြည်ခြင်း၏ အဓိကအချက်တစ်ချက်ကို ဤနည်းဖြင့် ဖော်ပြခဲ့သည်–

> ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏ (ဖိလိပ္ပိ ၃:၈-၉)။

ဤကျမ်းပိုဒ်တွင်၊ ပေါလုသည် သူ၏လူ့အဆင့်အတန်းနှင့် ကောင်းသောအကျင့်များအားလုံးသည် စစ်မှန်သောဖြောင့်မတ်ခြင်းနှင့် ကယ်တင်ခြင်းရရှိရန် အသုံးမဝင်ကြောင်း ဖော်ပြခဲ့သည်။ သူ့အတွက် ကယ်တင်ခြင်းရနိုင်သည့် တစ်ခုတည်းသောအရာမှာ ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ယုံကြည်ခြင်းအားဖြင့် ပေါလုရရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအတွက် ခရစ်တော်၏ထိုက်တန်ခြင်းကိုသာ ဆက်လက်အားကိုးနေသရွေ့ ကျွန်ုပ်တို့သည် ဖွဲ့လုံလရှိခြင်း၊ ယုံကြည်ခြင်း၌ ခိုင်ခံ့မြဲမြံစွာရပ်တည်နေပါသည်။ ယခု ဤသည်မှာ ကျွန်ုပ်တို့သည်မည်သည့်အခါမှ ထိမိ၍လဲကျခြင်းမရှိဟု မဆိုလိုပါ။ ယင်းအစား၊ ဖွဲ့လုံလရှိသောယုံကြည်ခြင်းသည် မည်သည့်အခါမျှ လုံးဝမရှိကြောင်းနှင့် နောက်ဆုံးတွင် ခရစ်ယာန်ဧဝံဂေလိတရား၏ အမှန်တရားကို ငြင်းပယ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ခံယူချက်တွင် အမှားအယွင်းများရှိပြီး၊ အပြစ်နှင့်သေခြင်းအပေါ် ခရစ်တော်၏အောင်မြင်ခြင်းနှင့်ပတ်သက်၍ စိတ်နှလုံးအကြွင်းမဲ့ကိုးစားရန်ပျက်ကွက်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ခရစ်တော်တပါးတည်းသာ ကယ်တင်ခြင်းဖြစ်သည်ဟူသော အရေးကြီးသော ခရစ်ယာန်သွန်သင်ချက်ကို ကျွန်ုပ်တို့မယုံကြည်တော့သည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်တို့သည် အမှန်တကယ်ပင် ဖွဲ့လုံလရှိရန်ပျက်ကွက်ခြင်းဖြစ်သည်။

စစ်မှန်သောယုံကြည်ခြင်း၌ ဖွဲ့လုံ့လရှိရန်အဓိပ္ပါယ်ဖွင့်ဆိုခြင်းအပြင်၊ ပေါလုသည် ဖွဲ့လုံ့လကို ဖြောင့်မတ်သောအသက်တာအဖြစ် သစ္စာရှိစွာလုပ်ဆောင်ခြင်း၊ ချီးမွမ်းထိုက်သောအကျင့်ကို စွဲမြဲစွာလုပ်ဆောင်ခြင်းကဲ့သို့ ပြောခဲ့သည်။ ဥပမာ၊ ဖိလိပ္ပိ ၂:၁၂-၁၃ တွင် ပေါလုဤသို့ရေးခဲ့သည်–

> ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါရင်း၊ အကျင့်ကျင့်စေခြင်းငှါရင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း (ဖိလိပ္ပိ ၂:၁၂-၁၃)။

ဤနေရာတွင် ရှင်ပေါလုက ကျွန်ုပ်တို့အားလုံးအတွက် ဘုရားသခင်၏ကရုဏာတော်ဖြင့် ကျွန်ုပ်တို့ရရှိထားသော ကယ်တင်ခြင်းနှင့်အညီ ကောင်းသောအကျင့်ကို ဆက်လက်ကျင့်ရန် မည်မျှအရေးကြီးကြောင်းကို ဖော်ပြခဲ့သည်။ ယခု၊ ကောင်းသောအကျင့်၌ ဖွဲ့လုံ့လရှိခြင်းက ကျွန်ုပ်တို့သည် ပြီးပြည့်စုံစွာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသက်ရှင်နေသည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့သည် ဤဘဝတွင် မည်သည့်အခါမှ ပြီးပြည့်စုံခြင်းရှိမည် မဟုတ်ဘဲ၊ တစ်ခါတစ်ရံ လေးနက်သောနည်းလမ်းများဖြင့် ထိမိ၍လဲတတ်ကြပါသည်။ ယင်းအစား၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို သစ္စာရှိစွာနာခံရန် ဆက်ကြိုးစားနေသောအခါတွင်၊ ကောင်းသောအကျင့်ကို ကျင့်ကြံအားထုတ်ကြသည်။

> ဖိလိပ္ပိ ၂ တွင်ခရစ်ယာန်များသည် ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်အတူ မိမိတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်ရမည်ဟု ပေါလုဖော်ပြသောအခါ၊ ယင်းသည် ကျွန်ုပ်တို့ရရှိခဲ့ပုံရသည်။ ခဏမျှစဉ်းစားကြည့်ပါမည်။ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းတစ်ခုတည်းနှင့် ခရစ်တော်တစ်ပါးတည်းအားဖြင့်သာ ဖြစ်သည်ဟု ကျွန်ုပ်ထင်ခဲ့သော်လည်း၊ ဤနေရာတွင် ပေါလုက သင်သည် ထိုအရာအတွက် လုပ်ဆောင်ရမည်ဟု ဆိုခဲ့သည်။ ကောင်းပြီ၊ အခန်း ၁ တွင်၊ ကျွန်ုပ်တို့၌ ကောင်းသောအမှုကို လုပ်ဆောင်သောသူမှာ ဘုရားသခင် ဖြစ်ကြောင်း ပေါလုပြောသည်ကို သတိရပါ။ ကျမ်းချက်နှစ်ခုလုံးကို ပေါင်းစည်းထားရပါမည်။ ဘုရားသခင်သည် ယုံကြည်သူအယောက်တိုင်းတွင် ၎င်းကို အဆုံးစွန်ဆုံးလုပ်ဆောင်ပေးသောအရှင်ဖြစ်သည်။ ၎င်းသည် ယနေ့ကျွန်ုပ်တို့အတွက် မည်သည့်အရာဆိုလိုသည်မှာ ... သင်သည် ခရစ်တော်နှင့် ကိုယ်တော်၏အမှုတော်အပေါ် ယုံကြည်ကိုးစားခြင်းပင်ဖြစ်သည်။ သင်သည် ထိုသို့လုပ်သောအခါ၊ ထိုအမှန်တရား၏အလင်း၌ သင်သည် အသက်ရှင်လိမ့်မည်။ အစဉ်အမြဲ။ လုပ်ဆောင်မှုများသည် ယုံကြည်ခြင်းမှ လာပါသည်... ၎င်းသည် အမြဲတမ်းဘုရားသခင် လုပ်ဆောင်နေသည်၊ သို့သော် ၎င်းသည် ခရစ်တော်၌ကျွန်ုပ်တို့၏ ဝိသေသလက္ခဏာဖြင့် စတင်သည်၊ ၎င်းသည် အသက်ရှင်မှုပုံစံ၊ စံနမူနာနှင့် ဖြောင့်မတ်သောအသက်ရှင်မှုတို့မှတဆင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏မြေဆီလွှာနှင့် အဆက်မပြတ် ဆက်သွယ်နေပါသည်။
>
> **Dr Benjamin Gladd**

ဖွဲ့လုံ့လ၏သဘောသဘာဝကို ကျွန်ုပ်တို့သုံးသပ်သည့်အခါ၊ ပေါလုသည် ဖိလိပ္ပိလူများအား ဖွဲ့လုံ့လ၏အဓိပ္ပါယ်ကိုသာ နားလည်စေလိုခြင်းမရှိကြောင်း ထင်ရှားသည်။ ကယ်တင်ခြင်းရရှိရန် ယုံကြည်ခြင်းနှင့် အသက်တာတွင် ဖွဲ့လုံ့လရှိရန် လိုအပ်ကြောင်းကိုလည်း ၎င်းတို့အား နားလည်စေလို သည်။

## လိုအပ်ချက်

ဖိလိပ္ပိ ၃:၈-၁၁ တွင်တွေ့ရသော ပေါလု၏နုတ်ကပတ်တော်များကို သုံးသပ်ကြည့်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။...သေခြင်းမှ ထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်းအသေခံ၍... ပညတ်တရား အားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ရသောဖြောင့်မြတ်ခြင်းတည်းဟူသော ယုံကြည်ခြင်း အတွက်ကြောင့် ဘုရားသခင်ပေးတော်မူသော ဖြောင့်မြတ်ခြင်းကိုကိုးစားသဖြင့်၊ ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊ ခပ်သိမ်းသော အရာတို့ကို မစင်ကဲ့သို့ ငါထင်မှတ်၏ (ဖိလိပ္ပိ ၃း၈-၁၁)။

ရိုးရှင်းစွာပြောရလျှင်၊ ကျွန်ုပ်တို့သည် စစ်မှန်သောယုံကြည်ခြင်းကို ထိန်းသိမ်းရန်ပျက်ကွက်ပါက၊ တရားစီရင်ရာနေ့တွင် ခရစ်တော်ကို တွေ့ရမည်မဟုတ်ဘဲ၊ ထာဝရဘုန်းအသရေရှိသော အသက်တာသို့ ရှင်ပြန်ထမြောက်လိမ့်မည်မဟုတ်ကြောင်း ပေါလုသွန်သင်ခဲ့သည်။ တစ်နည်းဆိုရသော်၊ ကျွန်ုပ်တို့၏ နောက်ဆုံးကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၌ဖွဲ့လုံ့လရှိရန် လိုအပ်သည်။ အလားတူ၊ ဖိလိပ္ပိ ၂း၁၄-၁၆ တွင်၊ ဖြောင့်မတ်သောအသက်တာနှင့်ပတ်သက်၍ ဤတိုက်တွန်းချက်ကို ပေးခဲ့သည်_

> သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှ မပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန် ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သား ဖြစ်ကြ လိမ့်မည်။...သို့ပြုလျှင် ငါသည် အကျိုးမရှိဘဲလျက် ပြေးသည်မဟုတ်၊ အကျိုး မရှိဘဲလျက် ကြိုးစားအားထုတ်သည်မဟုတ်ကြောင်းကို ငါထောက်၍ ခရစ်တော်၏နေ့ရက်၌ ဝါကြွားဝမ်းမြောက် ခြင်းရှိလိမ့်မည် (ဖိလိပ္ပိ ၂း၁၄-၁၆)။

မြည်တမ်းခြင်းနှင့် ငြင်းခုံခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့်— ဖြောင့်မတ်စွာအသက်ရှင်ခြင်း— ဖိလိပ္ပိလူများသည် ပေါလု၏ဓမ္မအမှုတော်တွင် ဂုဏ်ယူစရာအကြောင်းတစ်ခုပေးကာ အပြစ်တင်ခွင့်ကင်း ခြင်းနှင့် ပြစ်မှားခြင်းကင်းစင်သူများဖြစ်လာနိုင်သည်။ သို့သော် သူတို့သည်ဖွဲ့လုံ့လရှိရန်ပျက်ကွက်လျှင်၊ ဘုရားသခင်၏သားသမီးများ မဟုတ်ကြောင်း သက်သေပြပြီး—သူတို့သည် ခရစ်တော်ကို အမှန်တကယ် ယုံကြည်ကိုးစားခြင်းမရှိကြ— နောက်ဆုံးသောနေ့၌ ကယ်တင်ခြင်းသို့ ရောက်မည်မဟုတ်ကြောင်း သက်သေပြကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက်လည်း အလားတူဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ် သောအသက်တာ၌ မတည်မြဲပါက၊ မယုံကြည်သူများဖြစ်ကြောင်း သက်သေပြပြီး၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်မည်မဟုတ်ပါ။

> အဘယ်ကြောင့်ဆိုသော် အတိတ်ကာလ၌ သင်သည် နှစ်ခြင်းခံခြင်း သို့မဟုတ် ယုံကြည်ခြင်းဆိုင်ရာ အလုပ်တစ်ခုခုပြုလုပ်ခြင်း၊ အခြားအရာတစ်ခုခုပြုလုပ် ခြင်း၊ အသင်းတော်တစ်ခုတွင်ပါဝင်ခြင်း၊ ဘာသာစကားအမျိုးမျိုး ပြောသောကြောင့် သင်သည် ကောင်းကင်ဘုံတွင် နေရာတစ်ခု

> ရရှိမည်ဖြစ်ကြောင်း အာမခံထားသော ယူဆချက်မရှိပါ…ကျွန်ုပ်တို့
> နေထိုင်သောကမ္ဘာသည်၊ သစ္စာရှိရန် အမြဲတောင်းဆိုနေပါသည်—
> “အဆုံးတိုင်အောင် တည်ကြည်သောသူသည် ကယ်တင်ခြင်းသို့
> ရောက်လိမ့်မည်။” ၎င်းသည် သခင်ယေရှု၏နှုတ်ကပတ်တော်များ
> ဖြစ်သည်…နောက်ဆုံးသောကာလဆိုင်ရာ ကောင်းချီးမင်္ဂလာများရရှိရန်
> ခရစ်တော်အပေါ် သင်၏သစ္စာရှိသောသက်သေကို ထိန်းသိမ်းထားရန်
> လိုအပ်သည်။

**Dr Sean McDonough**

ကျွန်ုပ်တို့အတွက်၊ ဖွဲ့လုံ့လကို ပေါလု၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် လိုအပ်မှုဆိုင်ရာ သွန်သင်ချက်များသည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသည်၊ သို့မဟုတ် ကြမ်းတမ်းခက်ထန်သည်ဟု ခံစားရနိုင်သည်။ သို့သော် ပေါလု၏အယူဝါဒတွင် ဖွဲ့လုံ့လ၏အာမခံချက်ဟူသည့် အလွန်အားတက်ဖွယ်ကောင်းသော တတိယရှုထောင့်လည်းပါရှိသည်။ ဤအာမခံချက်ကြောင့်၊ ဖွဲ့လုံ့လနှင့်ပတ်သက်သော ပေါလု၏သွန်သင်ချက်များသည် ယုံကြည်သူများအတွက် ခြိမ်းခြောက်မှုမဟုတ်ဘဲ နှစ်သိမ့်မှုတစ်ခုဖြစ်သည်။

## အာမခံချက်

ကျွန်ုပ်တို့၏ကယ်တင်ခြင်း အာမခံချက်ရှိစေရန်၊ စစ်မှန်သောယုံကြည်သူတိုင်းသည် ယုံကြည်ခြင်းနှင့် ဖြောင့်မတ်သောအသက်တာ နှစ်ခုစလုံးတွင် အမှန်ပင် ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ဖိလိပ္ပိမြို့သားများအား ပေါလုအာမခံခဲ့သည်။ လူများစွာသည် ယုံကြည်ခြင်းကို လွဲမှားစွာယောင်ဆောင်ကြပြီး၊ ဖွဲ့လုံ့လရှိရန်ပျက်ကွက်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဤသူများသည် မူလကပင် ကယ်တင်သောယုံကြည်ခြင်းကို အမှန်တကယ် မရှိခဲ့ကြသူများဖြစ်သည်။ အခြားတစ်ဖက်တွင်မူ၊ စစ်မှန်သော ယုံကြည်ခြင်းရှိသူများသည် ၎င်းတို့၏ဖွဲ့လုံ့လကိုအာမခံရန် ၎င်းတို့၌လုပ်ဆောင်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ပိုင်ဆိုင်ကြသည်။ ဖိလေမုန် ၁:၆ မှပေါလု၏နှုတ်ကပတ်တော်များကို နားထောင်ပါ_

> သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏
> နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟု ငါသဘောကျ၏ (ဖိလိပ္ပိ ၁:၆)။

အကယ်၍ ဘုရားသခင်သည် ဖိလိပ္ပိလူတို့ကိုကယ်တင်ရန် စတင်ခဲ့လျှင်၊ ဖိလိပ္ပိလူတို့ကို ကယ်တင်ခြင်းကိုလည်း *ပြီးစီး* စေတော်မူမည်ကို ပေါလု သေချာသိသည်။ မည်သူ့ကိုမျှ ပျက်စီးစေခြင်း ငှာခွင့်မပြုဘဲ၊ စစ်မှန်သောယုံကြည်သူအားလုံးကို ခရစ်တော်ယေရှု၏နေ့တိုင်အောင် ခံနိုင်ရည်ရှိစေမည် ဖြစ်သည်။ ပေါလု၏ယုံကြည်စိတ်ချမှုသည် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုလည်းဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် အမှန်တကယ် ယုံကြည်ပါက၊ ယုံကြည်ခြင်းမှ သို့မဟုတ် ကျေးဇူးတော်မှကျရှုံးနိုင်သည့် နည်းလမ်း မရှိပါ။ ပေါလုသည် ဤအကြံအစည်ကို ဖိလိပ္ပိ ၂:၁၂-၁၃ တွင်အတည်ပြုခဲ့ပြီး၊ ဤသို့အားပေးခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း (ဖိလိပ္ပိ ၂း၁၂-၁၃)။

ကျွန်ုပ်တို့ရှိရမည့် ကြောက်ရွံ့မှုသည် နောက်ဆုံးတွင် ကျေးဇူးတော်မှ ဝေးကွာသွားနိုင်သည့် ကြောက်ရွံ့မှုမဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်အလိုရှိရာကို တွေးတောပြီး လုပ်ဆောင်နေကြောင်း သေချာစေရန်အတွက်၊ အနန္တတန်ခိုးရှင်ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီအတွင်း၌ လုပ်ဆောင်နေကြောင်း သိရှိလာရခြင်းမှာ အံ့ဩစရာဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖွဲ့လုံ့လပါဝင်သည့် သူ၏ကောင်းမြတ်သောရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့၏စိတ်နှလုံးများကို ထိန်းချုပ်ထားသည်။ သို့ဖြစ်၍ အဆုံးတိုင်အောင် ခိုင်မြဲစွာ ရပ်တည်ရန် ပျက်ကွက်နိုင်စရာ အကြောင်းမရှိပါ။

ဖိလိပ္ပိဩဝါဒစာ၏ မျက်မှောက်ခေတ်ကျင့်သုံးခြင်းကို ကျွန်ုပ်တို့လေ့လာခဲ့ရာ၊ ထိုကျမ်းသည် ကျွန်ုပ်တို့၏အသက်တာတွင် ဖွဲ့လုံ့လ၏သဘောသဘာဝကို မည်သို့ဖော်ပြသည်ကို တွေ့မြင်ခဲ့ရသည်။ ယခု ကျွန်ုပ်တို့သည် ခေတ်တိုင်းရှိယုံကြည်သူတိုင်း လက်ခံကျင့်သုံးသင့်သော ဖွဲ့လုံ့လစိတ်သဘောထားကို ဆွေးနွေးရန် အနေအထားတွင် ရှိနေပါသည်။

## ဖွဲ့လုံ့လစိတ်သဘောထား

ပေါလုက သူ၏ကျမ်းတွင် အလေးပေးဖော်ပြခဲ့သည့် စိတ်သဘောထား၏ ရှုထောင့်သုံးရပ်ဖြစ်သည့်_ နှိမ့်ချမှု၊ အကောင်းမြင်မှုနှင့် ဝမ်းမြောက်မှုကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ နှိမ့်ချမှုနှင့်ပတ်သက်၍ ပေါလုပြောခဲ့သည့်အရာကို ဦးစွာကြည့်ကြပါစို့။

### နှိမ့်ချမှု

သခင်ယေရှုခရစ်၏ အခွင့်အာဏာရှိသော တမန်တော်တစ်ဦးအနေဖြင့် ပေါလုသည် မာနထောင်လွှားရန် အခွင့်အရေးကို ရရှိခဲ့သည်။ ခရစ်တော်သည် ပေါလုအား ခေါင်းဆောင်မှုအတွက် သဘာဝလွန်ဆန်စွာ လေ့ကျင့်ပေးခဲ့သည်။ ကိုယ်တော်သည် ပေါလုအား တစ်ပါးအမျိုးသားများထံ ဧဝံဂေလိတရားသယ်ဆောင်ရန် အခြားသူများထက်ရွေးချယ်ခဲ့ပြီး၊ သူ့အားဖြင့် အံ့ဖွယ်အမှုများစွာကို ပြုလုပ်ခဲ့သည်။ ကမ္ဘာတစ်ဝှမ်းရှိ အသင်းတော်များစွာတွင် ပေါလုအား သူရဲကောင်းတစ်ဦးအဖြစ် လေးစားကြသည်။ ထို့ကြောင့် သူသည်အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံနေချိန်၊ "လူအပေါင်းတို့ထဲ၌ ဘုရားသခင်သည် ငါ့အား ဤသို့ဖြစ်စေခြင်းငှါ အဘယ်ကြောင့် ခွင့်ပြုသနည်း။ ငါသည် သူ့အပေါ် အလွန်သစ္စာရှိခဲ့သော်လည်း၊ သူသည် ငါ့ကို ကောင်းချီးပေးရန် ငြင်းဆန်ခဲ့သည်။ ငါ ပိုထိုက်တန်သည် မဟုတ်လော!"

သို့သော် ဤနည်းဖြင့်ဘုရားသခင်၏ ဉာဏ်ပညာနှင့် ကောင်းမြတ်ခြင်းကို စိန်ခေါ်ခြင်းသည် မိုက်မဲပြီး မှားယွင်းပါသည်။ ပေါလုသည် ဘုရားသခင်ရှေ့တော်၌ နှိမ့်ချမှုရှိရန် အကြောင်းပြချက်များစွာ ရှိနေကြောင်း သိခဲ့သည်။ ဤအချက်ကိုလက်ခံခြင်းဖြင့်၊ သူသည် ဘုရားသခင်၏တည်ဆောက်ပေးခြင်း နှင့် သူရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကြား ခံနိုင်ရည်ရှိရန် မိမိကိုယ်ကို ပြင်ဆင်ခဲ့သည်။ ယင်းနှင့် စပ်လျဉ်း၍၊ ပေါလုသည် သူ့ကိုယ်သူနှင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်ကောင်းချီးမင်္ဂလာများရရှိရန် တလိုတလားနှိမ့်ချခဲ့ပြီး၊ သခင်ယေရှု၏စိတ်သဘောထားကို ခံယူပြီးနောက် သူ၏ကိုယ်ပိုင်စိတ်သဘော ထားကို ပုံသက်သေပြခဲ့သည်။ အမှန်တကယ်တွင်၊ ယင်းသည် နှိမ့်ချမှုရှိရန် ခရစ်တော်၏တိုက်တွန်းချက် ကို ထောက်ခံခြင်းဖြစ်သည့်၊ ဖိလိပ္ပိ ၂:၆-၁၁ တွင်တွေ့ရသော ပေါလု၏ထင်ရှားသော"ခရစ်တော်၏ဓမ္မသီ ချင်း"ကိုထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ပညာရှင်အချို့က ဤအခန်းငယ်များသည် ပေါလုသည် ဖိလိပ္ပိ ယုံကြည်သူတို့ထံ သူ၏ကျမ်းမရေးမီကပင် အသင်းတော်တွင် သိရှိခဲ့သော ဓမ္မသီချင်းတစ်ခုဖြစ်သည်ဟု အကြံပြုထားသည်။ ပေါလုသည် ဤအခန်းငယ်များကို ဤအခါသမယအတွက် အထူးရေးသားခဲ့သည် ကို အခြားသူများက သံသယရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ၊ ဤကျမ်းပိုဒ်များ၏ အဓိပ္ပါယ်မှာ ရှင်းပါ သည်_ သခင်ယေရှုသည် မိမိကိုယ်ကိုနှိမ့်ချ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏စံနမူနာကို လိုက်ကြရမည် ဖြစ်သည်။

> ယေရှုသည် ကျွန်ုပ်တို့အား အလွန်ရှင်းလင်းသော နှိမ့်ချမှုစံနမူနာကို ဖော်ပြထားသည်။ ရှင်ပေါလုသည် ဖိလိပ္ပိ ၂ တွင် ကျွန်ုပ်တို့အား ယေရှုကြွလာသောအခါ... ကိုယ်တော်၏အမှုတော်ဆောင်မှုပုံစံသည် နှိမ့်ချမှုတစ်ခုဖြစ်ကြောင်း အလွန်ရှင်းလင်းစွာ ပြောပြသည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်ဖြစ်သော်လည်း၊ ဘုရားသခင်နှင့် တန်းတူညီမျှမှုတစ်စုံတစ်ရာကို ဆုပ်ကိုင်ထားရမည်ဟု မစဉ်းစားခဲ့ပေ။ ၎င်းသည် နှိမ့်ချမှုပင်ဖြစ်သည်။ ယေရှုသည် တပည့်တော်များကို အစေခံရန် ဤကဲ့သို့သော နည်းဖြင့် ကြွလာတော်မူသည်။ သူတို့၏ခြေကို ဆေးတော်မူသည်။ ထိုလုပ်ရပ်များသည် ခေါင်းဆောင်တစ်ဦး၏ မျှော်မှန်းထားသည့် လုပ်ရပ်မဟုတ်ပေ။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့အား ထိုစံနမူနာကို တင်ပြသကဲ့သို့၊ ကျွန်ုပ်တို့သည် ခေါင်းဆောင်မှုအနေအထားတွင် ရှိသည်ဖြစ်စေ—ကျမ်းစာသင်အံ့မှုကို ဦးဆောင်သည်၊ အသင်းတော်တွင် သင်းအုပ်ဆရာဖြစ်နိုင်သည်— ကျွန်ုပ်တို့သည် မေးခွန်းများကိုမေးသည့်အခါ၊ နှိမ့်ချသောကိုယ်ဟန်အနေအထားဖြင့် မေးသင့်သည်။
>
> **သိက္ခာတော်ရ ဆရာကြီး Timothy Mountfort**

ပေါလု၏ "ခရစ်တော်၏ဓမ္မသီချင်း" သည် သမိုင်း၏ခေတ်ကာလသုံးခုအတွင်း ခရစ်တော်အား ဖော်ပြသည်_ သူ၏ လူ့ဇာတိမခံယူမီအခြေအနေ၊ သူ၏ဂုဏ်သရေညှိုးခြင်းနှင့် ချီးမြှောက်ခြင်းတို့ဖြစ်သည်။

**လူ့ဇာတိမခံယူမီ အခြေအနေ။** ဦးစွာ၊ ပေါလုသည် ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းမတိုင်မီ အခြေအနေအကြောင်း ပြောခဲ့သည်။ ထိုအချိန်တွင် ခရစ်တော်သည် ခမည်းတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့နှင့်အတူဘုန်းတန်ခိုးနှင့် ဘုန်းအသရေတွင် တန်းတူဖြစ်ကာ၊ ထာဝရပေါင်းစည်းလျက် ရှိပြီး၊ ပြည့်ဝစုံလင်သော ဘုရားသားတော်အဖြစ် တည်ရှိခဲ့သည်။ ဖိလိပ္ပိ ၂:၆ တွင် ခရစ်တော်၏ လူ့ဇာတိ မခံယူမီ အခြေအနေအကြောင်း ပေါလုဖော်ပြပုံကို နားထောင်ပါ_

> ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ (ဖိလိပ္ပိ ၂:၆)။

ဤကျမ်းပိုဒ်သည် ကျွန်ုပ်တို့အား ခရစ်တော်အကြောင်း အနည်းဆုံးအချက်နှစ်ချက်ကို ဖော်ပြသည်။ တစ်ခုမှာ၊ သူသည် လူသားဇာတိမခံယူမီတွင်၊ ခရစ်တော်သည် ဘုန်းကြီးသည် သို့မဟုတ် ပေါလုပြောသကဲ့သို့ ခရစ်တော်၌ဘုရားသခင်၏ ပုံသဏ္ဌာန်ရှိသည်။ "ပုံသဏ္ဌာန်"အတွက် ပေါလုအသုံးပြုသော ဂရိစကားလုံးသည် ယေဘုယျအားဖြင့် လူတစ်ဦး၏ အပြင်ပန်းပုံစံကို ရည်ညွှန်းသည့် morphē (*μορφή*) ဖြစ်သည်။ သို့သော် ပေါလုသည် ခရစ်တော်ကို ဘုရားသခင်နှင့်တူသည်ဟု မဆိုလိုပါ။ ယင်းအစား၊ ခရစ်တော်၏အပြင်ပန်းသဏ္ဌာန်က ကိုယ်တော်သည်အမှန်တကယ် ဘုရားသခင်*ဖြစ်*ကြောင်း အရင်းခံအမှန်တရားကို သက်သေထူသည်။

ထို့အပြင်၊ ခရစ်တော်သည် နှိမ့်ချမှုရှိကြောင်း ပေါလုဖော်ပြခဲ့သည်။ လူ့ဇာတိမခံမီတွင်ပင်၊ ကြိုတင်တည်ရှိသော သားတော်သည် နောက်ထပ်ပုံသဏ္ဌာန် သို့မဟုတ် သဘာဝကိုခံယူလိုစိတ်ဖြင့် သူ၏နှိမ့်ချမှုကို ထင်ရှားစေခဲ့သည်— ၎င်းသည် ကျွန်ုပ်တို့လူသားမျိုးနွယ်၏ပုံစံ ဖြစ်သည်။ အတိအကျ ပြောရလျှင် ခရစ်တော်သည် "ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်" ဟုပေါလုရေးခဲ့သည်။ ဤတွင်၊ ပေါလုသည် ခရစ်တော်၏တန်းတူရည်တူ သို့မဟုတ် ဘုရားသခင်နှင့်တူညီမှုကို ရည်ညွှန်းရန် *isos* (*ἴσος*) ဟူသောစကားလုံးကို အသုံးပြုခဲ့သည်။ သူ၏အဓိပ္ပါယ်မှာ ခရစ်တော်၏ "ပုံသဏ္ဌာန်"သို့မဟုတ် အပြင်ပန်း ဘုန်းတော်သည် ခမည်းတော်ဘုရားသခင်ပြသသော ဘုန်းတော်နှင့် အတူတူပင်ဖြစ်သည်။ သို့သော် ခရစ်တော်သည် ခမည်းတော်၏စိတ်တော်နှင့်တွေ့စေရန်နှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ရွေးဝယ်ယူရန် အတွက် သူ၏ကောင်းကင်ဘုန်းစည်းစိမ်ကို လိုလားစွာစွန့်လွှတ်ခဲ့သည်။

**ဂုဏ်သရေညှိုးခြင်း** ခရစ်တော်၏လူ့ဇာတိခံယူခြင်းမတိုင်မီအကြောင်းဖော်ပြပြီးနောက်၊ ပေါလုသည် ခရစ်တော်၏ "ဂုဏ်သရေညှိုးခြင်း"ဟုဓမ္မပညာရှင်များခေါ်သည့်အကြောင်းကို ဆက်လက်ဖော်ပြခဲ့သည်။ ဤကာလသည် မာရိ၏သားအိမ်၌ သန္ဓေတည်ခြင်းမှအစပြု၍ လက်ဝါးကပ်တိုင်ပေါ်တွင် အသေ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခံခြင်းအထိ သူ၏မြေကြီးအသက်တာ၏ ကာလဖြစ်သည်။ ဖိလိပ္ပိ ၂:၇-၈ တွင် ခရစ်တော်၏ဂုဏ်သရေ ညိုးခြင်းအကြောင်း ပေါလု၏နုတ်ကပတ်တော်များကို နားထောင်ပါ_

> မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်း တိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏ (ဖိလိပ္ပိ ၂:၇-၈)။

ခရစ်တော်၏ လူ့ဇာတိခံယူခြင်းမတိုင်မီအကြောင်း ပေါလု၏နုတ်ကပတ်တော်များနှင့် သက်ဆိုင်သော ဤအခန်းငယ်များသည် ခရစ်တော်၏ဂုဏ်သရေညိုးခြင်းအခြေအနေအတွင်း ခရစ်တော်အကြောင်း အနည်းဆုံးအချက်နှစ်ချက်ကို ဖော်ပြသည်။ ဦးစွာ၊ ခရစ်တော်၏ဂုဏ်သရေညိုးခြင်းသည် ဂုဏ်သိက္ခာကျဆင်းခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ၊ ဘုရားသခင်၏သားတော်သည် လူသားတစ်ဦး ပုံသဏ္ဍာန်ဆောင်ရန်အတွက် သူ၏မြင့်မြတ်သောဘုန်းအသရေကို ဘေးဖယ်ထားခြင်းဖြစ်သည်။ တစ်ဖန်၊ ပေါလုက ခရစ်တော်သည် သူ၏အပြင်ပန်းပုံသဏ္ဍာန်ကို လဲလှယ်ခဲ့ကြောင်းဖော်ပြရန်အတွက် ဂရိစကားလုံး *morphē* (*μορφή*) ကိုအသုံးပြုခဲ့သည်၊ ထို့ကြောင့်ကိုယ်တော်သည် ဘုရားသခင်၏ဘုန်းတော်ကို မပြတော့ပေ။ ယင်းအစား၊ လူသားတစ်ဦး၏ ရိုးရှင်းသော အပြင်ပန်းသဏ္ဍာန်ကို ပြသခဲ့သည်။

> ရှင်ပေါလုက ခရစ်တော်သည် အသရေအားလုံးစွန့်ခဲ့သည်ဟု ဆိုသည်။ သူသည် “မိမိအသရေကိုစွန့်၍”ဟု တစ်နည်းအားဖြင့် ဆိုထားသည်။ အချို့သောလူများက ၎င်းကိုမှားယွင်းစွာကြည့်ရှုကြပြီး၊ ယေရှုသည် သူ၏ဘုရားဖြစ်ခြင်းနှင့် အသရေအားလုံးကိုစွန့်လွှတ်ကာ ရိုးရိုးသာမန်လူဖြစ်လာသည်၊ ကိုယ်တော်သည် ဘုရားအရိုက်အရာအားလုံးမှ မိမိကိုယ်ကိုဖယ်ရှားပြီး၊ ထိုအရာအားလုံးကို စွန့်လွှတ်လိုက်သည်ဟု ဆိုကြသည်။ ၎င်းသည် သမ္မာကျမ်းစာမှရရှိသည့် အရာများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်ပြီး၊ ယေရှုသည် အပြည့်အဝလူသားဖြစ်ပြီး အပြည့်အဝဘုရားရှင်ဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့်၊ ပေါလုသည် ကိုယ်တော်၏အသရေစွန့်လွှတ်ခြင်းအကြောင်းပြောသောအခါ၊ သေသည်အထိ ကျွန်ဖြစ်ခြင်း၏ အခန်းကဏ္ဍသို့ လျှောက်လှမ်းခြင်းအကြောင်း ပြောနေခြင်း ဖြစ်သည်...ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်တွင် အသေခံခြင်းအထိ မိမိကိုယ်ကို အသရေစွန့်ကာ ကျွန်ဖြစ်ခြင်း၏ ထိုအယူအဆကို ပေါလုတိုက်ရိုက် ချိတ်ဆက်ပေးခဲ့သည်။ ထို့ကြောင့် ယေရှု၏နှိမ့်ချမှုသည် ဘုရားဖြစ်ခြင်းအပေါ် တစ်စုံတစ်ရာသက်ရောက်မှုမရှိ၊ မိမိ၏ဘုန်းအသရေအလုံးစုံဖြင့် ဤလောကသို့ ကြွလာသည်မဟုတ်၊ လောကသို့ အမှန်တကယ် နှိမ့်ချစွာကြွလာပြီး အပြည့်အဝ ဘုရားဖြစ်ဆဲ ဖြစ်သော်လည်း၊ လက်ဝါးကပ်တိုင်တွင် ကျွန်တစ်ဦး၏အခန်း ကဏ္ဍကို ထမ်းဆောင်နေစဉ် ထိုဘုန်းတော်ကို ဖုံးကွယ်ထားသည်။

**Dr Dan Lacich**

ခရစ်တော်၏ဘုရားပုံသဏ္ဍာန်က သူသည် အမှန်တကယ်ဘုရားဖြစ်ကြောင်း ညွှန်ပြသကဲ့သို့ သူ၏လူသားပုံသဏ္ဍာန်က သူသည် အမှန်တကယ် လူသားဖြစ်ကြောင်း ညွှန်ပြနေသည်။ သို့သော် လူသားဖြစ်လာခြင်းတွင် ခရစ်တော်သည် သူ၏ဘုရားဂုဏ်တော်များကို စွန့်လွှတ်ခဲ့ခြင်းမရှိကြောင်း သတိရရန် အရေးကြီးသည်။ ယင်းအစား၊ သူသည် ပြီးပြည့်စုံသော လူ့သဘောသဘာဝကို သူ၏ ပြီးပြည့်စုံသော ဘုရားသဘာဝတွင် ပေါင်းထည့်ခဲ့သည်၊ ထို့ကြောင့် သူသည် အပြည့်အဝလူသားနှင့် လုံးဝဘုရားဖြစ်သည်ဟူ၍ မှန်ကန်စွာ ပြောဆိုခြင်း ဖြစ်သည်။

ဒုတိယ၊ ခရစ်တော်အကြောင်း ပေါလု၏နုတ်ကပတ်တော်များက ခရစ်တော်သည် နှိမ့်ချကြောင်း ဖိလိပ္ပိ ၂:၇-၈ တွင် သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင်အတည်ပြုသည်။ လူ့ဇာတိကိုမခံယူမီတွင် သူ၏ဘုန်းအသရေရှိသောပုံသဏ္ဍာန်ကို ချွတ်ပစ်လိုသည့်အတိုင်း၊ သူသည် "လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင်...ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏"ဟူသည့်တိုင် မြေကြီးပေါ်တွင်အလွန်နှိမ့်ချခဲ့သည်။ တစ်နည်းဆိုရသော်၊ ကိုယ်တော်ကိုယ်တိုင် ပုံသဏ္ဍာန်ခံယူထားသည့် ဖန်ဆင်းခံများ၏သတ်ဖြတ်ခြင်းကို ခွင့်ပြုခဲ့သည်။

**ချီးမြှောက်ခြင်း** ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းမတိုင်မီနှင့် မြေကြီးဆိုင်ရာဓမ္မအမှုတော်ကို ဆင်ခြင်သုံးသပ်ပြီးနောက်၊ ပေါလုသည် သေခြင်းမှထမြောက်ပြီး ကောင်းကင်သို့ တက်ကြွခြင်းမှအစပြုကာ ခရစ်တော်၏ချီးမြှောက်ခြင်းအဆင့်တွင်၊ ယခု ဖန်ဆင်းခြင်းအပေါ် ကိုယ်တော်၏အုပ်စိုးခြင်း ဆက်လက်တည်ရှိနေပုံကို ဖော်ပြခဲ့သည်။ ရှင်ပေါလုသည် ဖိလိပ္ပိ ၂:၉-၁၁ တွင် ခရစ်တော်၏ချီးမြှောက်ခြင်းအကြောင်း ဤသို့ရေးသားခဲ့သည်_

> ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေ တော်ကို ထင်ရှားစေကြမည် အကြောင်းတည်း (ဖိလိပ္ပိ ၂:၉-၁၁)။

တစ်ဖန်၊ ပေါလုသည် ဤအဆင့်တွင် ခရစ်တော်နှင့်ပတ်သက်သော အလွန်အရေးကြီးသောအရာနှစ်ခုကို ညွှန်ပြခဲ့သည်။ ရှေးဦးစွာ၊ ခရစ်တော်သည် စကြဝဠာအုပ်စိုးရှင်အဖြစ် ချီးမြှောက်ခြင်းခံရပြီး၊ ကိုယ်တော်၏ဘုန်းအသရေပုံသဏ္ဍာန်ကို ပြန်လည်ရရှိကာ၊ သတ္တဝါတိုင်း ဦးညွှတ်ကိုးကွယ်လျက်ရှိသည်။ ဒုတိယ၊ ခရစ်တော်သည် ဤမြင့်မြတ်သော၊ ဘုန်းအသရေရှိသော စကြဝဠာပိုင်သအုပ်စိုးမှု၌ပင် ဆက်လက်နှိမ့်ချနေခဲ့သည်။ ဤနေရာတွင် ပေါလုဖော်ပြသကဲ့သို့၊ ဖန်ဆင်းခြင်းအပေါ် ကိုယ်တော်၏

အုပ်စိုးမှုသည် မိမိဘုန်းထင်ရှားစေရန်အတွက်မဟုတ်ဘဲ ခမည်းတော်၏ ဘုန်းထင်ရှားစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ပေါလုသည် ယုံကြည်သူများအား ခရစ်တော်၏ပုံသက်သေကို လိုက်လျှောက်စေလိုသောကြောင့်၊ ဖိလိပ္ပိမြို့သားများထံ ခရစ်တော်နှင့်ပတ်သက်သော ရှုထောင့်သုံးရပ်ကို သူ၏ကျမ်းတွင်တင်ပြခဲ့သည်။ အမှန်စင်စစ်၊ ဘုရားသခင်၏သားတော်သည် ဤဂုဏ်သရေညီးခြင်းကို တလိုတလားတင်ပြပါက၊ ကိုယ်တော်၏အစေခံများသည်လည်း နှိမ့်ချရမည်မှာ သေချာပါသည်။ ခရစ်တော်၏နှိမ့်ချမှုသည် သူ၏ဆင်းရဲဒုက္ခနှင့်သေခြင်းတို့ကို ခံနိုင်ရည်ရှိရန် ကူညီပေးမည်ဆိုလျှင်၊ နှိမ့်ချမှုသည် ကျွန်ုပ်တို့ကိုလည်း ခံနိုင်ရည်ရှိရန် ကူညီပေးနိုင်ပါသည်။ ဤသည်မှာ ဖိလိပ္ပိ ၂:၂-၄ တွင် ပေါလု၏ တိကျသောအချက်ဖြစ်ကာ ဤညွှန်ကြားချက်များကို ရေးခဲ့သည်_

> သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ၊ သဘော တညီတညွတ်တည်းရှိသောအားဖြင့်၊ ငါ၀မ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့ (ဖိလိပ္ပိ ၂:၂-၄)။

ဘုရားသခင်ရှေ့တော်၌ နှိမ့်ချခြင်းသည် ဖြောင့်မတ်သောအသက်တာ၌ ဖွဲ့လုံလရှိခြင်းနှင့် ယုံကြည်ခြင်း၌ တည်ကြည်ရန် မရှိမဖြစ်လိုအပ်သည်။ တစ်ဖက်တွင်၊ ၎င်းသည် ကျွန်ုပ်တို့အား စိတ်တူကိုယ်တူရှိရန်၊ စည်းလုံးညီညွတ်မှုကို ဖန်တီးရန်၊ အခြားသူများကို ချစ်မြတ်နိုးပြီး ချီးမြှောက်ရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ အခြားတစ်ဖက်တွင်၊ ၎င်းသည် ကျွန်ုပ်တို့၏အခြေအနေများ ဆိုးရွားနေချိန်၊ ကျွန်ုပ်တို့ညှဉ်းပန်းနှိပ်စက်ခံရချိန်၊ သေခြင်း၏ခြိမ်းခြောက်ခံရသည့်တိုင် ခမည်းတော်သည် ကျွန်ုပ်တို့၏ယုံကြည်မှုနှင့် သစ္စာစောင့်သိမှုကို ခံထိုက်ကြောင်းကို သတိရစေသည်။

ယုံကြည်သူများအား နှိမ့်ချသောစိတ်ထားရှိရန် အားပေးသည့်အပြင်၊ ပေါလုသည် ဘဝအပေါ် အပြုသဘောဆောင်သော ရှုမြင်ခြင်းဖြစ်သည့် အကောင်းမြင်ခြင်း၏တန်ဖိုးကို အလေးပေးဖော်ပြခဲ့သည်။

## အကောင်းမြင်ဝါဒ

မျက်မှောက်ခေတ်လောကတွင် အကောင်းမြင်ခြင်းအား မိုက်မဲသည်ဟု လူများက ပြောသည်မှာ မဆန်းပါ။ အရာရာတိုင်းသည် မိမိတို့ထက်ပိုကောင်းသည်ဟု အကောင်းမြင်သမားများသည် ဟန်ဆောင်ကြသောကြောင့်၊ လက်တွေ့လောကကို ဆုပ်ကိုင်မထားဟု သူတို့ထင်ကြသည်။ သို့သော် ပေါလု၏ အကောင်းမြင်မှုသည် ဤကဲ့သို့မဟုတ်ပါ။ သူ၏အကောင်းမြင်မှုသည် လက်တွေ့ကျသည်။ ဘဝ၏ဒုက္ခများကို လျစ်လျူမရှုပါ။ သူသည် ၎င်းတို့ကို လေးနက်စွာ တွေ့ကြုံခံစားခဲ့ရသည်။ ၎င်း၏နှလုံးသားတွင်၊

ပေါလု၏ အကောင်းမြင်ဝါဒသည် နာကျင်စရာများနှင့် စိတ်ဓာတ်ကျစရာများကို ဆုပ်ကိုင်ထားစဉ်တွင် အမှန်တကယ်ကောင်းသောအရာများကိုအာရုံစိုက်ရန် သတိရှိသည့်ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ သူ၏ အကောင်းမြင်ဝါဒသည် မျက်မှောက်လောကတွင် ဘုရားသခင်၏ပံ့ပိုးပေးမှုနှင့် ကောင်းချီးမင်္ဂလာများ အပေါ် သူ၏ယုံကြည်ခြင်းမှလည်းကောင်း၊ အနာဂတ်တွင် ဘုရားသခင်ပေးမည့် အပြည့်အဝရွေးနှုတ်ခြင်း နှင့် ဆုလာဘ်များအတွက် သူ၏မျှော်လင့်ချက်မှလည်းကောင်း ပေါက်ဖွားလာခြင်းဖြစ်သည်။

ဥပမာ၊ အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံနေရစဉ်အတွင်း မရိုးသားသော တရားဟောဆရာများ သည် ပေါလုကို နာကျင်စေသည့် နည်းလမ်းအဖြစ် ဧဝံဂေလိတရားကို စတင်ဟောပြောကြသည်။ သို့သော် ပေါလုသည် ခါးသီးပြီး ဒေါသဖြစ်မည့်အစား၊ ဤတရားဟောဆရာများတွင် မကောင်းသော ရည်ရွယ်ချက်များရှိသော်လည်း၊ ခရစ်တော်နှင့်ပတ်သက်၍ ဟောပြောခြင်းဖြစ်သည်ဟူသော ကောင်းချီး မင်္ဂလာကို အာရုံစိုက်ရန် ရွေးချယ်ခဲ့သည်။ ဖိလိပ္ပိ ၁:၁၇-၁၈ တွင်တွေ့ရသော သူ၏မှတ်တမ်းကို နားထောင်ပါ_

> ထိုသူတို့သည် ကြည်ဖြူသောစိတ်မရှိ၊ ချည်နှောင်ခြင်းကို ငါခံရသည်တွင် သာ၍ဆင်းရဲစေမည်ဟု အကြံရှိ၍၊ ရန်တွေ့ချင်သောစိတ်နှင့် ဟောပြောကြ၏။ သို့ဖြစ်၍ အဘယ်သို့နည်း၊ လျှို့ဝှက်၍ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍ ဟောပြောသည်ဖြစ်စေ၊ အဘယ်သို့သောအားဖြင့် ဟောပြောသည်ဖြစ်စေ၊ ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။ ထိုအကြောင်းကြောင့် ငါသည်ယခုဝမ်းမြောက်၏။ နောင်၌လည်း ဝမ်းမြောက်လိမ့်မည် (ဖိလိပ္ပိ ၁:၁၇-၁၈)။

ပေါလု၏ စိတ်အခြေအနေသည် ရှုပ်ထွေးလှသည်။ တစ်ဖက်၌လည်း၊ သူခံစားနေရသည်ကို အသိအမှတ်ပြုသည်။ သို့သော် အခြားတစ်ဖက်တွင်မူ၊ သူသည် စစ်မှန်သော ကောင်းသောအရာကို အာရုံစိုက်ရန်လည်း ရွေးချယ်ခဲ့သည်။ ဤရွေးချယ်မှုသည် အကျဉ်းထောင်၌ ဆင်းရဲဒုက္ခခံခြင်းနှင့် ဤတရားဟောဆရာများလက်တွင် ညှဉ်းပန်းနှိပ်စက်မှုကို ခံရပ်နိုင်စေရန် ကူညီပေးခဲ့သည်။ ဖိလိပ္ပိ ၄:၆-၈ တွင်အသင်းတော်သို့ ပေါလု၏အကြံပြုချက်သည် ဤသဘောထားနှင့် ကိုက်ညီသည်။ သူ၏နုတ်က ပတ်တော်များကို သုံးသပ်ကြည့်ပါ_

> အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာ ပြုသောအားဖြင့်၊ သင်တို့တောင်း ပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။ ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျောက်ပတ်သော အကျင့်၊



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သော
> အကျင့်၊ ချီးမွမ်းဘွယ်သောအကျင့် ရှိသမျှတို့ကိုငင်း၊ ပါရမီတပါးပါး၊
> ကောင်းသော သိတင်းတပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုငင်း၊
> နှလုံးသွင်းကြလော့ (ဖိလိပ္ပိ ၄:၆-၈)။

စစ်မှန်သော၊ ချီးမြှောက်ထိုက်သော၊ တရားမျှတသော၊ ဖြူစင်သော၊ ချစ်ဖွယ်ကောင်းသော၊ ချီးမွမ်းဖွယ်ကောင်းသော၊ မွန်မြတ်ပြီး ချီးမွမ်းထိုက်သောအရာကို အာရုံစိုက်ကာ အကောင်းမြင်စိတ်ဖြင့် တွေးခေါ်ခြင်းသည်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို စောင့်ရှောက်ရန် ဘုရားသခင်ထံတောင်းဆိုခြင်း၏ နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းသည် ဖွဲ့လုံလရှိခြင်းနည်းလမ်းတစ်ခုလည်းဖြစ်သည်။

နောက်ဆုံးတွင် နှိမ့်ချမှုနှင့် အကောင်းမြင်ခြင်းအပြင်၊ ဝမ်းမြောက်သောစိတ်ထားရှိခြင်းသည် ခရစ်ယာန်ဖွဲ့လုံ့လအတွက် များးစွာအထောက်အကူဖြစ်ကြောင်း ပေါလုသွန်သင်ခဲ့သည်။

## ဝမ်းမြောက်မှု

အချက်တစ်ခုမှာ၊ ပေါလုသည် သူ၏စိတ်ဆင်းရဲစရာအခြေအနေများကို ခံနိုင်ရည်ရှိရန် ရှင်လန်း ဝမ်းမြောက်မှုကို ရှာဖွေရန် အာရုံစိုက်ခဲ့သည်။ သူ၏ပုံသက်သေအားဖြင့်၊ ဖိလိပ္ပိရှိယုံကြည်သူများကို လည်း ထိုသို့ပြုလုပ်ရန် အားပေးခဲ့သည်။ ဥပမာ၊ ဖိလိပ္ပိ ၁:၁၈-၂၀ တွင် ပေါလုသည် သူ၏ဝမ်းမြောက် မှုကို ဤနည်းဖြင့် ပြောခဲ့သည်_

> သို့ဖြစ်၍ အဘယ်သို့နည်း၊ လျှို့ဝှက်၍ ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍
> ဟောပြောသည်ဖြစ်စေ၊ အဘယ်သို့သောအားဖြင့် ဟောပြောသည်ဖြစ်စေ၊
> ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။ ထိုအကြောင်း ကြောင့်
> ငါသည်ယခုဝမ်းမြောက်၏။ နောင်၌လည်း ဝမ်းမြောက်လိမ့်မည်…
> အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏
> (ဖိလိပ္ပိ ၁:၁၈-၂၁)။

ရှင်ပေါလုသည် သေဒဏ်ပေးခံရမည်ကို သိသည်။ သို့တိုင် သူသေဆုံးခြင်း၏ အပျက်သဘော အသွင်အပြင်များကို အာရုံစိုက်ခြင်းထက် သူသေဆုံးခြင်း၏ အပြုသဘောဆောင်သောရလဒ်ကို အာရုံစိုက်ခဲ့သည်။ ရလဒ်အနေနှင့် သူသည် ဝမ်းမြောက်နိုင်ခဲ့သည်။ ဤကိစ္စတွင် ပေါလု၏ပျော်ရွှင်မှုသည် နာကျင်မှုနှင့် ဆင်းရဲဒုက္ခကို အဆင်အခြင်မဲ့ငြင်းဆိုခြင်းမဟုတ်ကြောင်း သတိပြုပါ။ ဆန့်ကျင်ဘက်အနေ နှင့်၊ သူ၏ခံစားချက်များတွင် ဝမ်းနည်းမှုနှင့် ဝေဒနာများစွာ ရောထွေးနေသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ သို့သော် သူ၏အခက်အခဲများကြားမှ၊ ပေါလုသည် ဘုရားသခင်ကတိပြုထားသည့် ကောင်းမွန်သော အရာများကို ကြည့်ရှုနိုင်ပြီး ၎င်းတို့အတွက် ဝမ်းမြောက်နိုင်ခဲ့သည်။ ရဲရင့်သောသေခြင်းမှတဆင့် ခရစ် တော်ကိုချီးမြှောက်ခြင်းအကြောင်း တွေးတောနိုင်ပြီး ခရစ်တော်၏ချီးမြှောက်ခြင်းတွင် ကျေနပ်အားရ— သဘောကျ— မှုရှိခဲ့သည်။ ထိုကျေနပ်ပျော်ရွှင်မှုသည် သူ၏ပျော်ရွှင်မှုကို ဖြစ်ပေါ်စေသည်။ ပေါလုသည်

ဝမ်းမြောက်မှု*ကိုသာ* မဟုတ်ဘဲ၊*စစ်မှန်သော*ဝမ်းမြောက်မှုကို ခံစားခဲ့ရသည်။ ထိုဝမ်းမြောက်မှုသည် သူ့အားရှေ့သို့ တိုးလိုသောဆန္ဒကိုပေးစွမ်းပြီး၊ ဆင်းရဲဒုက္ခ၏ရည်ရွယ်ချက်ကို ပေးခဲ့သည်။ ထို့အပြင် ပေါလုသည် ဖိလိပ္ပိမြို့ရှိ သူ၏မိတ်ဆွေများကို အလားတူသဘောထားမျိုးခံယူရန် အတိအလင်းတိုက်တွန်းခဲ့ပြီး၊ သို့မှသာ သူတို့၏ဝမ်းမြောက်မှုသည် ခံနိုင်ရည်ရှိစေရန် ကူညီပေးမည်ဖြစ်သည်။ ဖိလိပ္ပိ ၄:၄-၆ တွင်သူ၏ သူတို့အားအကြံပြုချက်ကို နားထောင်ပါ_

> သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။... သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ (ဖိလိပ္ပိ ၄:၄-၆)။

သခင်ဘုရားသည် လိုအပ်သောအချိန်၌ အနီး၌ရှိတော်မူသည်၊ သို့မဟုတ် မြေကြီးတပြင်လုံး၌ ငြိမ်သက်ခြင်း၏ အုပ်စိုးခြင်းကို ဆောင်ကြဉ်းပေးမည့် ဘုရင်ဖြစ်တော်မူသောကြောင့် ရွှင်လန်းဝမ်းမြောက်ကြရန် ဖိလိပ္ပိယုံကြည်သူတို့ကို ပေါလုအားပေးတိုက်တွန်းခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ၊ ဝမ်းမြောက်မှုသည် ဖိလိပ္ပိလူများကို လှုံ့ဆော်ပေးပြီး စိုးရိမ်ပူပန်မှုကို တွန်းလှန်နိုင်စေမည်ဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် သခင်ပြန်ကြွလာချိန်အထိ ခံနိုင်ရည်ရှိရန် သူတို့ကို ပြင်ဆင်ပေးလိမ့်မည်။

ပေါလု၏နောက်ပိုင်းတွင် ကျွန်ုပ်တို့၏စိတ်သဘောထားကို ပုံသက်သေပြခြင်းဖြင့် နှိမ့်ချမှု၊ အကောင်းမြင်မှုနှင့် ဝမ်းမြောက်မှုကို အာရုံစိုက်ခြင်းဖြင့်၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ပျက်အားငယ်မှုကို ကျွန်ုပ်တို့တိုက်ဖျက်နိုင်မည်ဖြစ်သည်။ အခက်အခဲများ၊ ဆင်းရဲဒုက္ခများကို မလွဲမသွေကြုံရမည် ဖြစ်သည်— တခါတရံ ကြီးမားစွာ ကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပေါလု၏ပုံသက်သေနှင့် အကြံပြုချက်ကို သတိရရန်လိုသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများကို နှိမ့်ချသော စိတ်ဓာတ်ဖြင့် ခံနိုင်ရည်ရှိရန်လိုအပ်ပြီး၊ ဤဘဝနှင့် နောင်ဘဝတွင် ကျွန်ုပ်တို့ရရှိထားသော ကောင်းသော အရာများစွာကို တွေးတောခြင်းဖြင့် မျှော်လင့်ချက်ဆက်လက်ထားရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ဘဝတွင် ဝမ်းမြောက်ထိုက်သောအရာများအပေါ် ဝမ်းမြောက်ရန် သတိရှိစွာဆုံးဖြတ်ချက်ချခြင်းဖြင့်၊ ကျွန်ုပ်တို့အခြေအနေ၏ ပြဿနာများကိုကျော်လွှားရန် လိုအပ်ပါသည်။ ဤနည်းများဖြင့်၊ ကျွန်ုပ်တို့သည် ခံနိုင်ရည်ရှိရန် သခင်ဘုရားအားဖြင့် ခိုင်ခံ့စေသည်။

ယခု ကျွန်ုပ်တို့သည် ဖွဲ့လုံ့လရှိခြင်း၏ သဘောသဘာဝနှင့် စိတ်သဘောထားများအကြောင်း ပေါလုရေးခဲ့သည့် မျက်မှောက်ခေတ်ကျင့်သုံးခြင်းကို လေ့လာခဲ့ရာ၊ ကျွန်ုပ်တို့၏ တတိယမြောက်စိုးရိမ်ပူပန်မှုဖြစ်သည့်_ အသင်းတော်၏ဖွဲ့လုံ့လဆိုင်ရာဓမ္မအမှုတော်ကိုလေ့လာရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ခရစ်တော်၌တည်မြဲရန် အချင်းချင်း မည်သို့ကူညီပေးသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွံ့လုံ့လဆိုင်ရာဓမ္မအမှုတော်

ဖိလိပ္ပိယုံကြည်သူများသည် သူ၏လက်ရှိအကျဉ်းချခြင်းအပါအဝင် သူ၏ဓမ္မအမှုတော်ဆောင်သည့်ကာလများစွာတွင် ဖွံ့လုံ့လရှိအောင် ကူညီပေးခဲ့ကြောင်း ပေါလုအသိအမှတ်ပြုခဲ့သည်။ မတူညီသောအချိန်များတွင် သူတို့သည် သူ့ကို ငွေကြေးအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ထောက်ပံ့ပေးခဲ့သည်။ အကျဉ်းထောင်ထဲတွင် သူ့ကိုကူညီပေးနိုင်ရန် ဧပဖြောဒိတ်ကိုပင်စေလွှတ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ပေါလုအပေါ် ဖိလိပ္ပိလူတို့၏အမှုတော်ဆောင်ခြင်းကိုရုပ်ပစ္စည်းများ ပံ့ပိုးမှု၊ အားပေးမှုနှင့် ရုပ်ပိုင်းဆိုင်ရာတည်ရှိမှုတို့ကို ကြည့်ခြင်းဖြင့် အကျဉ်းချုပ်နိုင်သည်။ ဤနည်းလမ်းတစ်ခုစီတွင်၊ ဖိလိပ္ပိယုံကြည်သူများသည် ပေါလု၏စိတ်ဝိညာဉ်ကို ခွန်အားပေးကာ ဖွံ့လုံ့လကို မြှင့်တင်ပေးခဲ့သည်။ ဥပမာ၊ ဖိလိပ္ပိ ၄:၁၃-၁၄ တွင် ပေါလု၏ စိတ်ထက်သန်သောစကားများကို နားထောင်ပါ_

> ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်း နိုင်၏။ သို့သော်လည်း ဆင်းရဲဒုက္ခကိုငါ ခံရစဉ်အခါ၊ သင်တို့သည် ငါနှင့်ဆက်ဆံသောအားဖြင့် ကောင်းမွန်စွာပြုကြပြီ (ဖိလိပ္ပိ ၄:၁၃-၁၄)။

အချို့သောနည်းလမ်းများတွင်၊ ဤရိုးရှင်းသောအခန်းငယ်များသည် ပေါလုအား ဖိလိပ္ပိ၏ဓမ္မအမှုတော်ကို နှလုံးသွင်းခြင်းနှင့် ၎င်းတို့နှင့်ပတ်သက်သော သူ၏ခံစားချက်များကို ကိုယ်စားပြုသည်။ ဖိလိပ္ပိလူတို့၏လက်ဆောင်ကိုဆောင်ခဲ့သောဧပဖြောဒိတ် ပေါလုထံသို့ မရောက်မီတွင်၊ တမန်တော်သည် သခင်ဘုရားထံမှ ခွန်အားရယူခဲ့သော်လည်း အခြားသူများထံမှ ကိုယ်ကျင့်တရားဆိုင်ရာ အထောက်အပံ့များစွာ မရရှိခဲ့ပေ။ ရလဒ်အနေနှင့် သူ၏အကောင်းမြင်မှုနှင့် သူ၏ပျော်ရွှင်မှုများ ပျောက်ကွယ်သွားခဲ့သည်။ သူသည် ဖွံ့လုံ့လရှိသော်လည်း ၎င်းသည် ခက်ခဲသောအလုပ်ဖြစ်သည်။ ဖိလိပ္ပိလူတို့၏ရုပ်ပစ္စည်းအထောက်အပံ့သည် သူ၏ဆင်းရဲဒုက္ခများကို အနည်းငယ်သက်သာရာရစေသောကြောင့်၊ ဖွံ့လုံ့လရှိရန် အနည်းငယ်လွယ်ကူလာသည်။ သူ့အပေါ် သူတို့၏စိုးရိမ်ပူပန်မှုသည် လက်ဆောင်နှင့် ဧပဖြောဒိတ်ကို စေလွှတ်ခြင်းမှတစ်ဆင့်ဖော်ပြခဲ့ပြီး၊ သူ့ကိုအားပေးခြင်းနှင့် သူ၏အကောင်းမြင်မှုနှင့် ပျော်ရွှင်မှုကို ပြန်လည်ရရှိစေရန် ကူညီပေးခဲ့သည်။ အမှန်ပင်၊ ဧပဖြောဒိတ်၏လူကိုယ်တိုင်တည်ရှိမှုသည် ပေါလု၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက၊ သူ့ကို ဖွံ့လုံ့လရှိခြင်း၌ပို၍ကူညီဖို့ရန် ပေါင်းသင်းဆက်ဆံရေးနှင့် ခင်မင်ရင်းနှီးမှုကိုလည်း ရရှိစေခဲ့သည်။ ထို့ကြောင့်၊ ပေါလုသည် ဖိလိပ္ပိမြို့သားများအား "ဆင်းရဲဒုက္ခကိုငါခံရစဉ်အခါ၊ သင်တို့သည် ငါနှင့်ဆက်ဆံသောအားဖြင့် ကောင်းမွန်စွာပြုကြပြီ"ဟု အလေးအနက်ထား၍ ကျေးဇူးတင်စကားဆိုခဲ့သည်။ ပေါလုသည် သူတို့၏အမှုဆောင်ခြင်းကို လေးနက်စွာတန်ဖိုးထားပြီး၊ ၎င်းသည် သူတို့ကို သူ၏မိတ်ဆွေများအဖြစ် မှတ်ယူရန် ကြီးစွာသောနှစ်သိမ့်မှုနှင့် ဝမ်းမြောက်မှုတို့ကို ပေးခဲ့သည်။ ဖိလိပ္ပိလူတို့၏ အားပေးကူညီမှုနှင့် ကူညီပေးခြင်းအားဖြင့်၊ ပေါလုသည် သူ၏ယုံကြည်ခြင်းကိုခိုင်ခံ့မြဲမြံစေပြီး ခရစ်တော်ကို ချီးမြှောက်သောနည်းလမ်းများဖြင့် အသက်ရှင်နေထိုင်ခြင်းဖြင့် ခံနိုင်ရည်ရှိခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ပြင် ပေါလုသည် ဖိလိပ္ပိယုံကြည်သူတို့ကို ၎င်းတို့၏စုံစမ်းမှုများအပေါ် ခံနိုင်ရည်ရှိအောင်ကူညီပေးရန် သူ၏ဓမ္မအမှုတော်ကို ရည်မှန်းထားသည်။ ဖိလိပ္ပိ ၁:၃၊ ၄ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း သူတို့အတွက် သူဆုတောင်းခဲ့သည်။ မည်သို့ခံနိုင်ရည်ရှိရမည်ကို သင်ပေးဖို့ရန်လည်း သူ၏ကျမ်းတစ်စောင်ကို ရေးခဲ့သည်။ ဧပဖြောဒိတ်ကို ဖိလိပ္ပိမြို့သို့ ပြန်စေ၍ အသင်းတော်၏ခေါင်းဆောင်အဖြစ်အမှုထမ်းစေသည်၊

> ခံနိုင်ရည်ရှိရန် အချင်းချင်းအားပေးတိုက်တွန်းခြင်းသည် အသင်းတော်တွင်ဖြစ်သည်။ အသင်းတော်သည် ပေါင်းသင်းဆက်ဆံရန်ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။ [အသင်းတော်] ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးဆက်ဆံရေးရှိရန် ဘုရားသခင်အလိုရှိသောအရာများကို ပိုမိုဖမ်းဆုပ်မိပြီး၊ ဘုရားသခင်၏လူမျိုးအဖြစ် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးပေါင်းစည်းခြင်းလည်းဖြစ်သည်ဟု ထင်ပါသည်။ ဘုရားသခင်သည်သူ၏လူများကို အမြဲစုဝေးစေသောအရှင်ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးတွင်၊ အသင်းတော်သည် ဘုရားသခင်ဘုန်းတော်အတွက်ဖြစ်သည်...၎င်းသည်ကိုယ်တော်၏ဘုန်းအသရေနှင့် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ဘုရားသခင်၏ပုံစံဖြစ်သည်။
>
> **— Rev. C.S. Tang**

မျက်မှောက်ခေတ်အသင်းတော်တွင်၊ ပေါလုအား ဖိလိပ္ပိယုံကြည်သူများ၏ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်းဖြင့် အမှုတော်ဆောင်ပုံမှ ကျွန်ုပ်တို့များစွာသင်ယူနိုင်သည်။ ကမ္ဘာတစ်ဝှမ်းတွင် ရုပ်ပစ္စည်းကြီးမားစွာလိုအပ်လျှက်ရှိသည့် ခရစ်ယာန်များစွာရှိသည်။ အချို့က ဆင်းရဲလွန်းသဖြင့် အစားအသောက်နှင့် အဝတ်အစားများရှာဖွေခြင်းသည် အမြဲစိန်ခေါ်မှုဖြစ်သည်။ အခြားသူများက ကမ္ဘာပေါ်တွင် လူဆိုးများ၏ ဖိနှိပ်ခြင်းကိုခံကြရသည်။ အချို့မှာ ကျွန်အဖြစ်သို့ ရောင်းစားခံရပြီး ပြင်းထန်စွာ အနိုင်ကျင့်ခံရသည်။ အမှန်ပင်၊ ကမ္ဘာတစ်ဝှမ်းရှိ ခရစ်ယာန်ယုံကြည်သူများ ရုပ်ပစ္စည်းလိုအပ်မှုများကို အမှန်တကယ်ခံစားရသည့်သူများစွာ ရှိပါသည်။ ထိုယုံကြည်သူများထံ ကျွန်ုပ်တို့အစေခံနိုင်သောနည်းတစ်နည်း သို့မဟုတ်၊ ၎င်းတို့ကိုမျှော်လင့်ချက်နှင့် ဖွဲ့လုံလရှိရန် ကူညီနိုင်သည့်နည်းလမ်းတစ်ခုမှာ၊ ၎င်းတို့၏ရုပ်ပစ္စည်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်းပင် ဖြစ်သည်။

ဖိလိပ္ပိလူတို့သည် ပေါလုအား သူတို့၏မေတ္တာနှင့် အားပေးမှုမှတစ်ဆင့် အမှုဆောင်ခဲ့ကြပုံမှတစ်ဆင့် ကျွန်ုပ်တို့လည်း များစွာသင်ယူနိုင်သည်။ ပေါလုထံသို့ ငွေပို့ရုံမျှမက၊ ချစ်ခြင်းမေတ္တာကိုလည်း ပို့ခဲ့ကြသည်။ သူတို့သည် သူ့အကြောင်းကိုတွေးတောလျက်နေကြောင်း၊ သူ၏စိတ်နှလုံးထဲ၌ရှိသကဲ့သို့၊ သူတို့၏စိတ်နှလုံးထဲတွင် ပေါလုရှိနေကြောင်းကို ဧပဖြောဒိတ်အားဖြင့် ဆက်သွယ်ပြောဆိုခဲ့ကြသည်။ မျက်မှောက်ခေတ်ခရစ်ယာန်များသည် လည်း ခံနိုင်ရည်ရှိရန် အားပေးမှု လိုအပ်သည်။ ကျွန်ုပ်တို့သည်အသင်းတော်တွင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ စာတစ်စောင်၊ တမန်မှတစ်ဆင့်ဖြစ်စေ သို့မဟုတ်

အခြားနည်းလမ်းများစွာဖြင့် အားပေးစကားများကို ပြောနိုင်ပါသည်။ သို့သော် အဓိကမှာ ကျွန်ုပ်တို့သည် သူတို့ကိုချစ်ကြောင်းနှင့် သူတို့ကို မေ့မထားကြောင်းအသိပေးရန် လုပ်သင့်သည်။

ထို့အပြင်၊ ဖိလိပ္ပိယုံကြည်သူများသည် ပေါလုကိုအမှုတော်ဆောင်ရန် ဧပဖြောဒိတ်ကို စေလွှတ်သကဲ့သို့၊ ကျွန်ုပ်တို့သည် လူများနှင့်အတူ အချိန်ပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အနားတွင် ထိုင်၍ သူတို့နှင့်အတူရှိခြင်းဖြင့်၊ ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်ပါသည်။ အသင်းတော်၌လည်း၊ လူတို့သည် အထီးကျန်နေကြပြီး အများသောသူတို့သည် မိတ်ဆွေလိုပါသည်။ ဈေးဝယ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း သို့မဟုတ် ၎င်းတို့နှင့် ၎င်းတို့၏မိသားစုများကို ဂရုစိုက်ခြင်းကဲ့သို့သော ရိုးရှင်းသောအရာများတွင် အခြားသူများ၏အကူအညီလိုအပ်ပါသည်။ ယုံကြည်သူများနှင့် ရုပ်ပိုင်းဆိုင်ရာအတူရှိနေခြင်းသည် ၎င်းတို့အား ခံနိုင်ရည်ရှိစေရန် ကူညီပေးသည့် အခြားနည်းလမ်းကောင်းတစ်ခုဖြစ်သည်။

ဖိလိပ္ပိမြို့သားများထံ ပေါလုလုပ်ဆောင်ခဲ့သော နည်းလမ်းများမှလည်း ကျွန်ုပ်တို့များစွာသင်ယူနိုင်သည်။ ကျွန်ုပ်တို့သည် မည်သူမည်ဝါဖြစ်သည်ဖြစ်စေ၊ မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ၊ အမြဲဆုတောင်းနိုင်သည်၊ သို့မှသာ ဘုရားသခင်သည် အခြားယုံကြည်သူများကို ခံနိုင်ရည်ရှိရန် ခွန်အားပေးတော်မူမည် ဖြစ်သည်။ ခိုင်လုံသောအယူဝါဒနှင့် လက်တွေ့ကျသောအကြံပြုချက်များမှတစ်ဆင့် ခရစ်ယာန်ချင်းများအား မည်သို့ဖွဲ့လုံလရှိနိုင်မည်ကို ကျွန်ုပ်တို့သွန်သင်ပေးနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အသင်းတော်တွင် အခွင့်အာဏာရှိလျှင်၊ နှုတ်ကပတ်တော်နှင့် အကျင့်အားဖြင့် ပြောဆိုဆက်ဆံအားပေးသည့်နည်းလမ်းဖြင့် အသင်းတော်ကို ဦးဆောင်နိုင်သည်။

# နိဂုံး

ဤသင်ခန်းစာတွင် ဖိလိပ္ပိသြဝါဒစာ၏သမိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအကြောင်းအရာများ၊ ကျမ်း၏ဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် ဤကျမ်းအပေါ် ယနေ့ကျွန်ုပ်တို့၏အသက်တာ၌ မျက်မှောက်ခေတ်ကျင့်သုံးပုံကို အာရုံစိုက်လေ့လာထားပါသည်။

ဖိလိပ္ပိသြဝါဒစာတွင် ဆင်းရဲဒုက္ခများနှင့် ဆင်းရဲဒုက္ခကြုံရချိန်များတွင် ကျွန်ုပ်တို့၏ခရစ်ယာန်ယုံကြည်ခြင်း၌ ခိုင်ခံ့စွာရပ်တည်ခြင်းနှင့်ပတ်သက်၍ သွန်သင်ရန် အံ့သြဖွယ်အမှန်တရားများစွာရှိသည်။ ပေါလု၏သွန်သင်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် နာခံသည်နှင့်အမျှ ဖွဲ့လုံ့လသည် မည်မျှအရေးကြီးကြောင်း သိရှိနားလည်လာမည်ဖြစ်သည်။ ဤအံ့ဖွယ်လုပ်ငန်းတွင် ကျွန်ုပ်တို့ကိုယ်တိုင် ဆက်ကပ်အပ်နှံရန်လည်း များစွာအားပေးခံရမည်ဖြစ်ပါသည်။ အရေးအကြီးဆုံးမှာ၊ ကျွန်ုပ်တို့သည် ပေါလု၏သွန်သင်ချက်များကို လိုက်နာခြင်းဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖွဲ့လုံ့လ၌အောင်မြင်ကြပြီး၊ အခြားသူများကိုလည်း ခံနိုင်ရည်ရှိစေရန် ကူညီပေးသည်နှင့်အမျှ မြင့်မြတ်သောသခင်ယေရှုခရစ်ထံ ဘုန်းအသရေကို ကျွန်ုပ်တို့ဆောင်ကြဉ်းလာမည်ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။